မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် မတ်၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် မတ်၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုသိမ်မြို့နှင့် ချောင်းသာကြား စိန်တောင်–ဂျက်ကာ လမ်းပေါ်ရှိ ပုဂ္ဂလိက ကုမ္ပဏီများ၏ ရော်ဘာပျိုးခင်းနှင့် စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်တပ်မတော်

ဒို့တပ်မတော်ဟာ စတင် ဖွဲ့စည်းစဉ်ကပင် ကြေးစား မဟုတ်ဘဲ သစ္စာလေး ချက် ကို သာ ဦးထိပ်ရွက်ပြီး တာဝန် ထမ်း ဆောင် ခဲ့ တဲ့ မျိုးချစ်တပ်မတော် ဖြစ်တယ်။ ဒို့တပ်မတော်သားတွေဟာ လစာရိက္ခာ ရချင်ရ မရချင်နေ၊ မည်သည့်အခွင့်အရေးကိုမျှ ရပိုင်ခွင့်လို့ သတ်မှတ်ခံယူခြင်းမပြုဘဲ မျိုးချစ်စိတ်နဲ့ အသက်ခန္ဓာကို စွန့်လွှတ်ဖို့ ဝန်မလေးတဲ့သူတွေ ဖြစ်တယ်။ မျိုးချစ်စိတ်နဲ့ ရှင်သန်နေတဲ့ တပ်တွင်းမှာ ရဲဘော်စိတ်နဲ့ တစ်ဦးအတွက်တစ်ဦး အသက်ပေးလျက်ရှိကြတယ်။ ဒါကြောင့်လဲ ဒို့တပ်မတော်ဟာ အစဉ်အလာကောင်း တွေနဲ့ပြည့်စုံတဲ့ တပ်မတော် ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ–

လယ်ယာမြေသစ်များဖော်ထုတ် မိုးစပါးတိုးချဲ့စိုက်ပျိုး ဒေသဖွံ့ဖြိုးရေးတက်ညီလက်ညီကြိုးပမ်း

ရန်ကုန် မတ် ၂၅

ဧရာဝတီတိုင်း ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၂ရက် နံနက်၇နာရီတွင် ငရုတ်ကောင်းမြို့ ကမ်းခြေသို့ သွားရောက်ကာ ကမ်းခြေရှုခင်း၏ သာယာလှပမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်များ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

အစွမ်းထက်ဆေးဝါးများ သုတေသနပြုထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံး၏ ပူးပေါင်းပါဝင်မှု စွမ်းအားကို အားထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေး ဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက် တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးပြည့်ဝမြင့်မားရေးနှင့် ဆေးပညာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများသည် ပဓာနကျသော အခန်းကဏ္ဍက ပါဝင်လျက် ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံတွင် အဖြစ်များ သည့် အဓိကရောဂါ ခြောက်မျိုးအတွက် ကာကွယ်ကုသနိုင်မည့် ဆေးဝါးများကို မြန်မာ့တိုင်းရင်းဆေးများ၊ မြန်မာ့တိုင်းရင်းဆေးပင်များ၊ သစ်ဥသစ်ဖုများကို အခြေခံ၍ သုတေသနပြု ထုတ်လုပ်နိုင်ရေး အကောင် အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်း ဆေးရည်များ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန် ဆေးဝါးလုပ်ငန်းစက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်လ ၁၉ရက်နေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင် မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်း စက်ရုံ(ပြင်ဦးလွင်)သို့ ရောက်ရှိပြီး ဆေးမှုန့်အခြောက်လှန်းစက်၊ ဆေးမှုန့်ရောမွှေစက်များ၊ ဆေးပြားနှင့် ဆေးတောင့်ထုတ်စက်များ၊ ထုပ်ပိုးခန်းနှင့် အရည်အသွေး စမ်းသပ်ခန်းများကိုလည်းကောင်း၊ မတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း) သို့ ရောက်ရှိပြီး တစ်ခါသုံး ဆေးထိုးအပ်ထုတ်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)မှ ပထမအဆင့်အဖြစ် ဆေးပြား၊ ဆေးတောင့်များကို ၂၀၀၅ ခုနှစ် မတ်လမှစ၍ စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ဒုတိယအဆင့်အဖြစ် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်များကို ယခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သည် တစ်ခါသုံး ဆေးထိုးအပ်၊ သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးတို့ ထုတ်လုပ်သွားမည့် စက်ရုံဖြစ်ပြီး ပထမအဆင့်အဖြစ် တစ်ခါသုံးဆေးထိုးအပ်များကို အောင်မြင်စွာ ထုတ်လုပ်လျက် ရှိသည်။ ဒုတိယအဆင့်အဖြစ် သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးများကို ဆက်လက် ထုတ်လုပ်သွားမည်ဖြစ်သည်။

ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက် ရောဂါတို့သည် မြန်မာနိုင်ငံတွင် အဖြစ်များသည့် ရောဂါခြောက်မျိုးဖြစ်သည်။ ၎င်းရောဂါ ခြောက်မျိုးအတွက် အစွမ်းအာနိသင် ထက်မြက်သည့် မြန်မာ့တိုင်းရင်း ပရဆေးပင်များ သုတေသနပြု ဖော်ထုတ်ခြင်း၊ စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆေးသုတေသနဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။ အဓိက ရောဂါခြောက်မျိုးအတွက် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြုခြင်း၊ နည်းစဉ်များ ဖော်ထုတ်ခြင်း လုပ်ငန်းများကို ဝန်ကြီးဌာနများနှင့် ပေါင်းစည်း၍ ကြိုးပမ်းလျက်ရှိရာ အာနိသင်ထက်မြက်မှုနှင့် စပ်လျဉ်း၍ သုတေသနပြု စမ်းသပ်တွေ့ရှိချက်များကို အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ နည်းစဉ်များ လွှဲပြောင်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံတွင် အဖြစ်များသည့် အဓိကရောဂါခြောက်မျိုး ကုသရေးအတွက် အစွမ်းထက်သည့် တိုင်းရင်းဆေးဝါးများ သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ပညာရှင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အရှိန်အဟုန်မြှင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြဝတီရုပ်မြင်သံကြား

၂၆–၃–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **“ဝိပ္ပလာသ(၁၂)ပါး”**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **“ချစ်သူတစ်ယောက်နှင့် လိမ္မော်ရည်တစ်ခွက်”** (အပိုင်း–၂)ဇာတ်သိမ်းပိုင်း
၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့ အိမ်ကလေး”** (အပိုင်း–၉)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၆။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **“သားကောင်းမိခင်”** (အပိုင်း–၄) (ဇာတ်သိမ်းပိုင်း)

ကံမမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ကံမမြို့နယ်ဖွား ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိဝေလာစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဝိယုတအား ကံမမြို့နယ်အသင်း(ရန်ကုန်)က မတ်၂၇ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားရင်ပြင်တော်၌ ထပ်ဆင့် ပူဇော်မည်ဖြစ်သည်။

မြို့နယ်သူ၊ မြို့နယ်သားများ လှူဖွယ်ပစ္စည်းများနှင့် လာရောက်ပူဇော်ကြရန်နှင့် ဆက်ကပ်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(ငြိမ်း) ဖုန်း–၅၄၁၇၇၃၊ ဦးစိုးငြိမ်း ဖုန်း–၂၄၄၇၆၀၊ ဦးအေးလွင် ဖုန်း–၅၂၆၆၃၈နှင့် ဦးသိန်းတန် ဖုန်း–၂၄၄၁၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် မူလတန်း သင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က အခြေခံပညာ မူလတန်းကျောင်း အမှတ်(၄၂) ရွှေပြည်သာ၌ ကျင်းပရာ ကျောင်း အုပ် ဆရာကြီး ဦးညွှန့်လွင်က

မပဟောမာန်သင်းအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၃–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ မနီတို့ရွာနှင့်မြစ်
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ Sunday Talk [ဦးမျိုးမြတ်သူ၊ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၂၀ တေးဂီတအစီအစဉ်
၈း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀ မိသားစုကျန်းမာဖို့ ယင်လုံအိမ်သာ ဆောက်ကြစို့
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်း အကြောင်း သိကောင်းစရာ
၈း၅၅ တေးဂီတအစီအစဉ်
၉း၀၀ ရွှေကျင်မြို့မှ ရှောက်သီး ထွက်ကုန်လုပ်ငန်း
၉း၀၅ မိုးလေဝသခန့်မှန်းချက်
၉း၁၀ လွယ်ကူသက်သာမြန်မာ့ဟင်းလျာ ဝက်လျှာနှင့်ကြက်ဟင်းခါးသီး အချိုချက်
၉း၃၀ တေးဂီတအစီအစဉ်
၉း၃၅ ပြည်တွင်းသတင်းအကျဉ်း
၉း၄၅ ဗွီစီဒီမိတ်ဆက် (Valentine Love Songs˚1)
၁၀း၀၅ ရွှေထည်ပြုလုပ်ခြင်းအနုပညာ
၁၀း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅ လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၀း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပြင်ဆင်ခြင်းသင်တန်း
၁၀း၅၀ တေးဂီတအစီအစဉ်
၁၀း၅၅ နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့ စိန်ခေါ်ပွဲကြီး(ဝင်းထွန်းနှင့် Seiji Waka Sugi)
၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ ဖွံ့ဖြိုးစေရာ စံပြကျေးရွာ
၁၁း၂၅ (Nat +06 ခေတ်ပေါ်ပန်းချီပြပွဲ)
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ အသည်းရောင်အသားဝါ(စီ)ပိုး တွေ့ရှိနေလျှင်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆း၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆း၅၅	Middlesbrough -Bolton	5-Sports (Live)
၇း၃၀	Charlton-Newcastle	5-Cartoons (Live)
၉း၂၅	Man:Utd-Birminghan	5-Sports (Live)
၁၂း၃၀	Final Score	5-Sports (Live)

(၆၁) နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်

ဘကြီးဖြိုး – လာဟေ့၊ မင်းလာတာနဲ့ အတော်ပဲ၊ ထားဝယ်ရိုးရာ အစားအစာ မုလက်သုပ်တွေရှိတယ်။ ရေနွေးလဲအဆင်သင့်ပဲ။

သိမ်း – ဒီနေ့ အလုပ်ပိတ်ရက်ဆိုတော့ အချိန်ရတာနဲ့ ဦးလေးဆီ ထွက်လာခဲ့တာပါ။

ဖြိုး – ဒါနဲ့ မင်းကို ရောက်ရောက်ချင်း ပြောရဦးမယ်။ အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ထားတဲ့ နိုင်ငံတော် အခြေခံမူ(၆)ရပ်မှာ ပါရှိတဲ့ နိုင်ငံတော်၏အမျိုးသား နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြည်ပသတင်း မီဒီယာတွေက အမျိုးမျိုးဝေဖန်ပြောဆိုနေတာ ကြားရတယ်။ ယခင် NLD မစုကြည်ကလဲ ဒီအခြေခံမူကို မကြိုက်လို့ ဆိုပြီး အမျိုးသားညီလာခံကို တက်ရောက်နေကြတဲ့ NLDပါတီဝင် ကိုယ်စားလှယ်တွေကို ညီလာခံကနေ ကျောခိုင်းထွက်ခွာဖို့ ပြောဆိုခဲ့တယ်လို့ ကြားခဲ့ရတယ်။ နယ်ချဲ့ အနောက်အုပ်စုနဲ့ လက်ဝေခံတွေက ဒီမူကို ဘာကြောင့် ဘယ်အတွက်ကြောင့် လက်မခံရသလဲဆိုတာနဲ့ ပတ်သက်ပြီး မင်းလေ့လာထားတာများရှိခဲ့ရင် ပြည်သူတွေ လေ့လာသိရှိနိုင်ဖို့ စတင်ဆွေးနွေးပေးစေချင်တယ်။

သိမ်း – အမှန်က မြန်မာနိုင်ငံရေးနဲ့ တပ်မတော်ဆိုတာ ခေါင်းနဲ့ ပန်းလို ခွဲခြားမရခဲ့တာ သူတို့မသိခဲ့ဘူး။ဒါတွေကို အသေချာ မသိလို့ ယခုလို အမျိုးမျိုးဝေဖန် ပြောဆိုနေကြတာ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာက အလျဉ်းသင့်တဲ့အချိန်တိုင်း စာနယ်ဇင်းတွေမှာ သတင်းဆောင်းပါးအဖြစ် ရေးသားဖော်ပြခဲ့တာ တွေ့နေရတာပဲ။

ဖြိုး – အသေးစိတ် ရှင်းပြစမ်းပါဦး။

သိမ်း – တပ်မတော်က အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ ယခုလိုပါဝင်ခဲ့ရတာနဲ့ ပတ်သက်ပြီး ဖဆပလအစိုးရ ၁၉၄၈–၅၈၊ အိမ်စောင့်အစိုးရ ၁၉၅၈–၆၀၊ ပထစအစိုးရ ၁၉၆၀–၆၂နဲ့ ၁၉၈၈နောက်ပိုင်း တပ်မတော် အစိုးရဆိုတဲ့ အစိုးရလက်ထက်တွေမှာ ဖြစ်ပွားခဲ့တဲ့အရေးကြီးတဲ့အဖြစ် အပျက်တွေကို အပိုင်းအလိုက်ကျွန်တော်ရှင်းပြသွားမယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးမကြာခင် ဖဆပလ အစိုးရတက်ရောက်လာခဲ့တယ်။ နယ်ချဲ့ထံမှ လွတ်လပ်ရေးရရှိဖို့ တောင်းဆိုတိုက်ပွဲဝင်နေတဲ့ ၁၉၄၆ခုနှစ်မှာ ယခင် ဖဆပလတပ်ပေါင်းစုမှာ ပါဝင်ခဲ့တဲ့ ကွန်မြူနစ်ပါတီအတွင်းမှာ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲမှ လွတ်လပ်ရေးရမယ်ဆိုတဲ့ အစွဲရှိတဲ့ အလံနီပါတီနဲ့ ဖဆပလနဲ့ ပူးပေါင်းဆောင်ရွက်မှသာ လွတ်လပ်ရေးရမယ်ဆိုတဲ့ အယူအဆရှိတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီခေါ် အလံဖြူပါတီဆိုတဲ့ အဖွဲ့ နှစ်ဖွဲ့ကွဲခဲ့တယ်။ ၁၉၄၆ခုနှစ်မှာ အလံနီပါတီစတင် တောခိုခဲ့ပြီး ၁၉၄၈ခုနှစ် မတ်လမှာ အလံဖြူပါတီကပါ ထပ်မံတောခိုခဲ့တယ်။

ဖြိုး – နိုင်ငံရေးသမားတွေ ညီညွတ်မှုမရှိခဲ့တာကို ဖော်ပြနေတာပဲကွယ့်။

သိမ်း – ဖဆပလအဖွဲ့ချုပ်မှာ ယခင်အဖွဲ့ချုပ်ရဲ့ အမာခံအဖြစ်ထားရှိတဲ့ ပြည်သူ့ရဲဘော်အဖွဲ့ဆိုတာရှိတယ်။ နောက်ပိုင်းမှာ ဒီအဖွဲ့လဲ ရဲဘော်ဝါအဖွဲ့နဲ့ ရဲဘော်ဖြူဆိုတဲ့ အဖွဲ့နှစ်ဖွဲ့ ထပ်ကွဲခဲ့တယ်။ ၁၉၄၈ ခုနှစ်၊ ဇူလိုင်လမှာ ရဲဘော်ဖြူအဖွဲ့က တောခိုခဲ့ပြန်တယ်။ အလားတူ KCO လို့ခေါ်တဲ့ ကရင်အမျိုးသား ဗဟိုအဖွဲ့ချုပ်မှာလဲ KYO ခေါ် ကရင်လူငယ်အဖွဲ့နဲ့ KNU ဆိုပြီး အဖွဲ့နှစ်ဖွဲ့ ထပ်ကွဲခဲ့တယ်။

အောင်သိမ်း (ထားဝယ်)

KYO က ဖဆပလအဖွဲ့နဲ့ ဆက်လက်ပူးပေါင်းပြီး KNU က နယ်ချဲ့ပယောဂနဲ့ KNDO လက်နက်ကိုင်အဖွဲ့ကို ဖွဲ့ခဲ့တယ်။ ၁၉၄၈ခုနှစ်၊ ဇူလိုင်လမှာ KNU တွေ တောခိုခဲ့တယ်။ ဒီလက်နက်ကိုင်သောင်းကျန်း ဆူပူမှုတွေ ကြောင့် အဲ့ဒီတုန်းက မြန်မာနိုင်ငံအစိုးရကို ကမ္ဘာက ရန်ကုန် အစိုးရလို့တောင် ခေါ်ဆိုခဲ့ကြတယ်။

ဖြိုး – နိုင်ငံရေးသမားတွေရဲ့ အကွဲအပြဲဇာတ်လမ်းကြောင့် ပြည်သူတွေ စစ်ဘေးစစ်ဒဏ်ခံခဲ့ကြရတာ မဟုတ်လား။

သိမ်း – ဟုတ်ပါတယ်။ နောက်ပိုင်းသောင်းကျန်းသူမျိုးစုံ ထပ်မံဆူပူခဲ့ကြလို့ ဒီအဖွဲ့အားလုံးကို ရောင်စုံသူပုန်လို့တောင် ခေါ်ခဲ့ရတယ် ဦးလေး။

ဖြိုး – ပြည်တွင်း ဆူပူသောင်းကျန်းမှု ဖြစ်ပွားနေချိန်မှာ တရုတ်ဖြူကူမင်တန်တပ်တွေရဲ့ အန္တရာယ်ကို တပ်မတော်က ရင်ဆိုင်ခဲ့ရတယ် လေကွယ်။ ပြည်တွင်းရောင်စုံသူပုန်တွေနဲ့ ပြည်ပတရုတ်ဖြူကူမင်တန်တွေရဲ့ အန္တရာယ်ကို အဲဒီတုန်းက တပ်မတော်ကသာ မတွန်းလှန်နိုင်ခဲ့ရင် ဒို့နိုင်ငံနယ်ချဲ့ ဩဇာခံဘဝ ပြန်ရောက်နေမှာ သေချာတယ်။

သိမ်း –အဲဒီအချိန်ကတည်းက ပြည်ထောင်စုမပြိုကွဲရေး၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်ပေး ကာကွယ်စောင့်ရှောက်ခဲ့တဲ့ တပ်မတော်ကို ပြည်သူတွေက အမြဲထာဝရဂုဏ်ပြု အားပေးနေတာ ဖြစ်ပါတယ်။

ဖြိုး – ၁၉၅၈ခုနှစ် ဖဆပလနှစ်ခြမ်းကွဲခဲ့ပြီး လွှတ်တော်မှာ တည်မြဲဖဆပလကို ရှစ်မဲနဲ့ အနိုင်ရခဲ့တဲ့ သန့်ရှင်း ဖဆပလ အစိုးရအနေနဲ့ သူအုပ်ချုပ်နေတဲ့ကာလမှာ ပြဿနာ အမျိုးမျိုးကြောင့် နိုင်ငံတော်အာဏာကို အိမ်စောင့်အစိုးရအဖြစ် တပ်မတော်ထံ ဘာကြောင့် အာဏာလွှဲပြောင်းပေးခဲ့ရသလဲဆိုတာ ရှင်းပြပေးပါဦး။

သိမ်း – သန့်ရှင်းဖဆပလ အစိုးရဟာ တပ်မတော်ပြိုကွဲစေဖို့ မကြံကောင်းမစည်ရာ လုပ်ဆောင်ခဲ့ကြတယ်။ နယ်မှာ တာဝန်ယူနေတဲ့ ပြည်ထောင်စုစစ်ရဲတပ်ရင်း နှစ်ရင်းခွဲနဲ့ ပျူစောထီးတပ်တွေကို ရန်ကုန်မြို့ကို လျှို့ဝှက်ခေါ်ယူခဲ့ကြတယ်။ သစ်တောတပ်ဖွဲ့ဝင်တွေနဲ့ ပြန်လည် ထူထောင်ရေးတပ်အပြင် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်ဟောင်းတွေကိုလည်း အသင့်အနေအထားမှာ ရှိစေခဲ့တယ်။

ဖြိုး – သန့်ရှင်းဖဆပလ အစိုးရက သူတို့ရဲ့ ခါးပိုက်ဆောင်တပ်တွေကို ယခုလိုဘာကြောင့် အသင့်အနေအထားမှာ ရှိစေခဲ့တာလဲ။

သိမ်း – တပ်မတော်အနေနဲ့ ပါတီနိုင်ငံရေးကင်းရှင်းပြီး အမျိုးသားနိုင်ငံရေးကိုပဲ ဦးတည်လုပ်ကိုင်နေခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ အာဏာရပါတီရဲ့ ရည်ရွယ်ချက်နဲ့ တပ်မတော်ရဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဂုဏ်ပြုလျက်ပါ တပ်မတော်

* အရေးကြုံသော်
သက်လုံကောင်းမြဲ၊ လုံ့လဖွဲ့ယှဉ်
မလဲမယိုင်၊ ကြံ့ကြံ့ခိုင်လျက်
အောင်နိုင်သည့်ပန်း၊ မလွတ်တမ်းလှျင်
ဆွတ်လှမ်းသည်လည်း တပ်မတော်။

* အရေးကြီးသော်
သွေးနီးပေါင်းဆုံ၊ လက်တွဲကုန်ဟု
စုန်ဆန်မြေနှံ့၊ စည်းလုံးအံ့ဟု
တပ်လှန့်ဆော်နှိုး၊ ပြည့်အကျိုးကို
သယ်ပိုးသည်လည်း တပ်မတော်။

* အရေးမြင်သော်
တွေးထင်ပေါင်းစပ်၊ အထပ်ထပ်ပင်
သုံးသပ်စေ့ငု၊ ဆင်ခြင်ရှု၍
ပြည်သူ့အိုးအိမ်၊ စည်းစိမ်အသက်
ယွင်းပျက်မရှိ၊ တည်ငြိမ်ဘိအောင်
သတိကြီးစွာ၊ စောင့်ရှောက်ပါလျက်
ကာကွယ်သည်လည်း တပ်မတော်။

* ပြည်သူ့အရေး၊ ဒို့အရေးဟု
ပြည်သူ့အတွေး၊ ဒို့အတွေးဟု
လေးမြတ်တော်ဖြောင့်၊ သစ္စာစောင့်ခဲ့
စိုးနှောင့်ပူပွေ၊ မတွေဝေဘဲ
နွေနွေမိုးမိုး၊ နေလေငြိုးလည်း
ကိုယ်ကျိုးမငဲ့၊ ချီတက်ခဲ့သည့်
ခြောက်ဆယ့်တစ်နှစ်၊ တိုင်ပြီဖြစ်လည်း
နှမျစ်ရှင်လန်း၊ လှျောက်သောလမ်းဝယ်
ပင်ပန်းအတူ၊ နွမ်းအတူပင်
ပြည်သူအများ၊ ကြည်ဖြူအားဖြင့်
လေးစားချစ်မြတ်၊ ကျောချင်းကပ်လျက်
ဝန်းပတ်ရန်စ၊ ချုပ်ငြိမ်းရအောင်
လုံ့လ မာန် ဖွဲ့၊ ဆယ်ပြန်ကဲ၍
ရဲရဲရက်ရက်၊ တွဲသောလက်ဖြင့်
မက်မက်မွေ့မွေ့၊ ခရီးရှေ့ကို
ဆက်၍ချီပါ တပ်မတော်။
ပြည်သူဂုဏ်ပြုလျက်ပါသော်။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

တက္ကသိုလ်ညိုမင်းမောင်

တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

ရုပ်ရှင်ဈေးကွက်ရှာဖွေရေးအကောင်းဆုံးနေရာ အာရှ၌ ဟောင်ကောင်သည် ထိပ်တန်းဖြစ်

ဂျပန်ရုပ်ရှင်မင်းသား ယူဆုကီအီဂူချိုင်းနှင့် ဟောင်ကောင် မင်းသမီး မက်ဂျီချွမ်းတို့အား တွေ့ရစဉ်။

ဟောင်ကောင် မတ် ၂၅

ဟောင်ကောင် နိုင်ငံတကာရုပ်ရှင်နှင့် တီဗွီဈေးကွက်(ဖလင်မတ်)နှင့် ဟောင်ကောင်–အာရှရုပ်ရှင် ဖိုရမ်ပွဲများကြောင့် ဟောင်ကောင်သည် အာရှတွင် နောက်ဆုံးပေါ်ရုပ်ရှင်ကားများနှင့် ရုပ်ရှင်ထုတ်လုပ်ရာ၌ ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုအကောင်းဆုံးနေရာ ဖြစ်လာကြောင်း လေ့လာချက်တစ်ရပ်ကို မတ် ၂၃ရက်က ကြေညာသည်။

တွေ့ဆုံမေးမြန်း

တောင်ကိုရီးယားနှင့်ဂျပန်တို့တွင် အလားတူ ရုပ်ရှင်ပွဲတော်များ ကျင်းပခဲ့ရာတွင် ဟောင်ကောင်သည် အောင်မြင်မှုအရှိဆုံးနေရာဖြစ်ကြောင်း သိရသည်။ ယင်းလေ့လာဆန်းစစ်ချက်ကို ဟောင်ကောင်၌ မတ်၂၀ရက်မှ၂၃အထိ ကျင်းပသော အဆိုပါပွဲစဉ်နှစ်ရပ်မှ နိုင်ငံတကာပါဝင်ပြသသူ ကုမ္ပဏီ ၃၄၀နှင့် ပြပွဲလာသူများအား တွေ့ဆုံမေးမြန်းရာမှ သိရှိရသောလေ့လာ ဆန်းစစ်ချက်ပင် ဖြစ်သည်။

ပုံမှာ ဂျပန်ရုပ်ရှင်သရုပ်ဆောင်မင်းသား ယူဆုကီအီဂူချိုင်းနှင့် ဟောင်ကောင် သရုပ်ဆောင်မင်းသမီး မက်ဂျီချွမ်းတို့အား ဟောင်ကောင် ဖျော်ဖြေရေး ထုတ်ကုန်ပစ္စည်းပြပွဲသို့ တက်ရောက်လာသည်ကို တွေ့ရခြင်း ဖြစ်သည်။ ယင်းထုတ်ကုန် ပစ္စည်းပြပွဲသို့ နိုင်ငံပေါင်း၂၈နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၄၀၀ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ဖိလစ်ပိုင်အလယ်ပိုင်းရှိ မီးတောင် ပြာများမှုတ်၍ လှုပ်ရှားလာနေ

မနီလာ မတ် ၂၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏အရှေ့တောင်ဘက် ကီလိုမီတာ ၂၅၀ခန့် အကွာ ဆော်ဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်သည် လေထုအတွင်းသို့ ပြာများကို ၁ဒသမ ၅ကီလိုမီတာအမြင့်အထိ မတ် ၂၁ရက်က ထုတ်လွှတ်ခဲ့သည့်အတွက် မီးတောင်ကျွမ်းကျင်သူ ပညာရှင်များက အနီးကပ်စောင့်ကြည့် လေ့လာလျက်ရှိကြောင်း ဖိလစ်ပိုင် မီးတောင်ဆိုင်ရာ ကော်မရှင်က မတ် ၂၂ရက်တွင် ပြောကြားသည်။

ပြောကြား

ယင်းသို့ ပြာများမှုတ်ထုတ်သည်မှာ မတ် ၂၁ရက် ည ၁၀နာရီ၀န်းကျင်ခန့်က ဖြစ်ကြောင်း ဖိလစ်ပိုင်မီးတောင်ဆိုင်ရာ ကော်မရှင် ညွှန်ကြားရေးမှူး ရီနာတိုဆိုလီဒမ်က ပြောကြားသည်။

ပေါက်ကွဲ

အဆိုပါ ထုတ်လွှတ်မှုမှာ ပုံမှန်မဟုတ်သည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယင်း မီးတောင်သည် ၁၅ကြိမ် ပေါက်ကွဲခဲ့ဖူးပြီး နောက်ဆုံး ပေါက်ကွဲမှုမှာ ၂၀၀၅ခုနှစ် ဇန်နဝါရီလက ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကလေးငယ်များ စိတ်ပျော်ရွှင်အောင်ထားပါက စိတ်ကျရောဂါ ဖြစ်ပွားမှုမှကင်းဝေးစေနိုင်

ဝါရှင်တန် မတ် ၂၅

မိခင်များအနေဖြင့် ကလေးငယ်များအား စိတ်လက်ချမ်းသာ ပျော်ရွှင်အောင် ရေရှည်ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသင့်ကြောင်း ၎င်းမှာ ကလေးငယ်များအနေဖြင့် စိတ်ကျရောဂါခံစားမှုမှ ကင်းဝေးစေရန် ဖြစ်သည်ဟု မိခင်များကို အသိပေးသင့်ကြောင်း လေ့လာသုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

စိတ်ကျရောဂါကို မျိုးရိုးဗီဇလိုက်ပြီး ဖြစ်တတ်သည့် ရောဂါတစ်မျိုးဟု သိထားကြသော်လည်း ငယ်စဉ်ဘ၀က မိခင်ဖခင်များအနေဖြင့် ကလေးငယ်များကို စိတ်ချမ်းသာ ပျော်ရွှင်အောင် မပြုစုခဲ့ပါက ကလေးငယ်ကြီးပြင်းလာသည့်အခါ ပတ်ဝန်းကျင်၌ ဖြစ်ပျက်သည့် အကြောင်းအရာများ၏ အကျိုးသက်ရောက်မှုနှင့် ပေါင်းစပ်ကာ စိတ်ကျ ရောဂါဖြစ်ပွားစေတတ်သည်ဟု အမေရိကန် ဆေးဘက် ဆိုင်ရာ အဖွဲ့က ထုတ်ပြန်သည့် ဂျာနယ်တစ်စောင်၌ ဖော်ပြသည်။

ထိခိုက်စေ

ထို့အပြင် စိတ်ကျရောဂါခံစားနေရသော မိခင်က ဆေးဝါးကုသမှု မလုပ်ခဲ့လျှင် မိမိကလေးငယ်အား စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို ထိခိုက်စေမည်ဖြစ်ကြောင်း အဆိုပါ ဂျာနယ်၌ ဖော်ပြသည်။

စိတ်ကျရောဂါ ခံစားနေရလျှင် မြန်မြန်ထက်ထက် ဆေးဝါးကုသမှု ခံယူသင့်ကြောင်းလည်း ယခုပြုလုပ်သည့် သုတေသနအဖွဲ့ခေါင်းဆောင် မိုင်မာဝီစမန်က ပြောကြားသည်။

လေ့လာခဲ့

ထိုသို့ ဆေးဝါးကုသမှု မခံယူပါက မိမိ၏ ရင်သွေးငယ်ကိုပါ ရောဂါ ဖြစ်ပွားနှုန်း ပိုမိုများစေမည်ဖြစ်ရာ မိခင်နှင့် ကလေးငယ်ပါ စနစ်တကျ ဆေးဝါးကုသမှုခံယူရန် လိုအပ်ပေသည်။ ယခုကဲ့သို့ သုတေသနပြုမှုမှာ ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း မိခင် ၁၅၁ဦးနှင့် ၎င်းတို့၏ အသက်(၁၇)နှစ်အရွယ်သားသမီးငယ်များအား စနစ်တကျ စစ်ဆေးလေ့လာခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ဘူလူဆန် မီးတောင်ကို တွေ့ရစဉ်။

အပျော်စီးသင်္ဘောကြီး မီးလောင်မှုဖြစ်ပွား

ဂျမေကာ မတ် ၂၅

စတားပရင့်ဆက် အပျော်စီးသင်္ဘောကြီး မီးလောင်မှုဖြစ်ပွားပြီးနောက် ဂျမေကာနိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းရှိ မွန်တီဂိုဘေးဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်ကို မတ် ၂၃ရက်က တွေ့ရခြင်းဖြစ်သည်။ (အောက်ပုံ)

စတားပရင့်ဆက် အပျော်စီးသင်္ဘောကြီးသည် ကာရစ်ဘီယံကျွန်းသို့ ခရီးနှင်ခုတ်မောင်းလာစဉ် ကြာသပတေးနေ့က မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သင်္ဘောအမှုထမ်းများသည် မီးတောက်အား ချက်ချင်းမငြိမ်းသတ်နိုင်သဖြင့် ခရီးသည်တစ်ဦးသေဆုံးခဲ့ရပြီး အခြား ၁၁ဦး ဒဏ်ရာရရှိကာ သင်္ဘောကြီးရှိ အခန်းပေါင်း ၁၅၀မီးလောင်ကျွမ်းခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ကြံပင်နှင့်နေကြာစေ့တို့မှ ဇီဝလောင်စာထုတ်လုပ်မည်

ရောမ မတ် ၂၅

သကြား၊ ကြံပင်၊ နေကြာစေ့နှင့် အခြားအသီးများ စိုက်ပျိုးထုတ်လုပ်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ပူနွေးမှုကို တိုက်ဖျက်နိုင်မည်ဖြစ်ပြီး ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာနေရာ၌ အစားထိုးနိုင်မည့် ဇီဝလောင်စာထုတ်လုပ်ရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း အီတလီနိုင်ငံ အင်ဆာသတင်းဌာနက မတ်၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ဇီဝလောင်စာထုတ်လုပ်နိုင်

သကြား၊ ကြံပင်၊ နေကြာစေ့နှင့် အခြားသီးနှံများသည် ဇီဝလောင်စာထုတ်လုပ်နိုင်သည့်အပြင် ဇီဝမက်သနောကိုလည်းထုတ်လုပ်နိုင်သည်။ ထို့အပြင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကိုလည်း ၄၀ရာခိုင်နှုန်းမှ ၇၀ရာခိုင်နှုန်းအထိ လျှော့ချစေနိုင်ကြောင်း အီတလီ ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

ဆောင်ရွက်သွားမည်

အီတလီနိုင်ငံသည် လာမည့် ၂၀၁၀ပြည့်နှစ်တွင် ဇီဝလောင်စာထုတ်လုပ်မှုသည် ပြည်တွင်းစွမ်းအင်ဈေးကွက်၌ ၅ ဒသမ ၇၅သန်းအထိ ရရှိအောင်ကြိုးစားသွားမည်ဖြစ်သည်။ ၂၀၂၀ပြည့်နှစ်တွင် ၁၂ ရာခိုင်နှုန်းခန့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံရန်တိုက်တွန်း

ဇီဝလောင်စာဆီကို နေကြာစေ့မှ ထုတ်ယူမည်ဖြစ်ပြီး ဘိုင်အိုမက်သနောကို ကြံပင်၊ ဂျုံပင်တို့မှ ထုတ်ယူမည် ဖြစ်ကြောင်း သိရသည်။ အီတလီအစိုးရကလည်း လယ်သမားများအား ဇီဝလောင်စာထုတ်ယူရေးနှင့် ဘိုင်အိုမက်သနော ထုတ်ယူရေးတို့အတွက် လယ်သမားများအား တွန်းအားပေး စိုက်ပျိုးစေလျက်ရှိပြီး အနာဂတ်ကာလအတွက် ရင်းနှီး မြှုပ်နှံမှုပြုကြရန် တိုက်တွန်းလျက် ရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အထပ် ၁၁ထပ်မှ ပြုတ်ကျသူ အမျိုးသမီး ကံကောင်းထောက်မစွာ အသက်မသေ

မော်စကို မတ် ၂၅

ရုရှားနိုင်ငံ ယူရယ်တောင်တန်းဒေသ ဘက်တိုကိုတိုစတန်မြို့တွင် အသက် (၂၁)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် အမြင့် ၁၁၄ပေရှိသော အထပ် ၁၁ထပ်ရှိသည့် တိုက်ပေါ်မှ ပြုတ်ကျခဲ့သော်လည်း အသက်မသေသည့် ထူးဆန်းသော ဖြစ်ရပ်ဆန်းတစ်ခု မတ်၂၁ရက်က ဖြစ်ပွားခဲ့ကြောင်း ရုရှားနိုင်ငံ ရုပ်မြင်သံကြား သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆေးကုသမှုခံယူ

အမည်မသိရှိရသော အသက် (၂၁)နှစ်အရွယ်ခန့်ရှိ အဆိုပါ အမျိုးသမီးသည် အထပ် ၁၁ထပ်မြင့်သည့် နေအိမ်တိုက်တာ အဆောက်အအုံပေါ်မှ ပြုတ်ကျခဲ့မှုကြောင့် ဦးခေါင်း၊ ကျောရိုးနှင့် ခန္ဓာကိုယ်များတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း၊ သို့သော် အခြေအနေမှာ ကောင်းမွန်ကြောင်း ဆေးရုံရှိ ဆရာဝန်များက ပြောကြားသည်။

ပထမဆုံးကြုံတွေ့ရ

ယခုကဲ့သို့ အဖြစ်အပျက်သည် မိမိဆရာဝန်လုပ်သက် ၃၆နှစ်အတွင်း ပထမဆုံး ကြုံတွေ့ရခြင်းဖြစ်ကြောင်း၊ အထပ်၁၁ထပ်မှ မြေပြင်သို့ ပြုတ်ကျသူ တစ်ဦးဆေးရုံသို့ ရောက်လာပြီးနောက် သွားရောက်ကြည့်ရှုရာ အံ့သြဖွယ်ရာ ဘာမျှကြီးကျယ်သော ဒဏ်ရာမရရှိ၍ဖြစ်ကြောင်း တာဝန်ကျ ဆရာဝန် ဒေါက်တာ ဗစ်တာရာဇင်က ပြောကြားသည်။ **(အင်တာနက်)**

ဆွီဒင်နိုင်ငံသား ကာလီဆင် သင်္ချာပညာရှင်ဆု ချီးမြှင့်ခံရ

အော်စလို မတ် ၂၅

နော်ဝေနိုင်ငံမှ ချီးမြှင့်သည့် ၂၀၀၆ခုနှစ်အတွက် သင်္ချာပညာရှင်ဆုကို ဆွီဒင်နိုင်ငံသား လန်နက်ကာလီဆင်ကရရှိခဲ့ရာ ဆုငွေ အမေရိကန် ဒေါ်လာ ၉၀၉၉၀၀ရရှိခဲ့ကြောင်း သိရသည်။

ဖြေရှင်းနိုင်သူဖြစ်

အသက် (၇၈)နှစ်အရွယ်ရှိ လန်နက်ကာလီဆင်သည် ဆွီဒင်နိုင်ငံတော်ဝင် သိပ္ပံနှင့်နည်းပညာဌာနမှ ပညာရှင်တစ်ဦးဖြစ်သည်။ကာလီဆင်ဆုရမှုနှင့် ပတ်သက်၍ ကာလီဆင်သည် နက်နဲသော ပြဿနာများနှင့် ခက်ခဲသောသင်္ချာပညာရပ်များကို လွယ်ကူစွာဖြေရှင်းနိုင်သူဖြစ်သည်။

ဆုပေးခဲ့ခြင်းဖြစ်

ယခင်နှစ်များကလည်း ယခုကဲ့သို့ ဆုရရှိရန် ထိပ်ဆုံးမှ အမြဲတမ်း ရေပန်းစားနေသူ တစ်ဦးဖြစ်သည်။ ယခုချီးမြှင့်သော အေဘယ်သင်္ချာ ထူးချွန်ပညာရှင်ဆုမှာ ၁၉ရာစုက အောင်မြင် ကျော်ကြားခဲ့သော အသက် (၂၆)နှစ်အရွယ်၌ သေဆုံးခဲ့သည့် နော်ဝေနိုင်ငံသား သင်္ချာ

သင်္ချာ ထူးချွန်ပညာရှင်ဆုရရှိသူ ကာလီဆင်

ပညာရှင် နီလ်စ်ဟန်ရစ် အေဘယ် အထိမ်းအမှတ်အဖြစ် ၂၀၀၃ခုနှစ်မှ စတင်ထူထောင်ကာ ဆုပေးခဲ့ခြင်း ဖြစ်သည်။

သင်္ချာပညာရှင်ဆုပေးရခြင်း ရည်ရွယ်ချက်မှာ ကလေးငယ်များနှင့် လူငယ်များအကြား သင်္ချာနှင့်ပတ်သက်၍ စိတ်ဝင်စားမှု ပိုမိုဖြစ်ထွန်းစေရေး တွန်းအားပေးရန်အတွက်ဖြစ်ကြောင်း ဆုချီးမြှင့်ရေးအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကိုလံဘီယာ၌ ရေလွှမ်း ကလေးငယ်ခုနစ်ဦးသေဆုံး

ဘိုဂိုတာ မတ် ၂၅

ကိုလံဘီယာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှု ဖြစ်ပွားကာ ကလေးငယ် ခုနစ်ဦး သေဆုံးခဲ့ရကြောင်း၊ အခြား လေးဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက မတ်၁၉ရက်၌ ပြောကြားသည်။

သေဆုံး

ပျောက်ဆုံးလျက်ရှိသော လူငယ်များမှာ အသက်(၁၁)နှစ်နှင့်(၁၆)နှစ်အရွယ်များဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက အပူတပြင်း ရှာဖွေလျက်ရှိသည်။ အခင်းဖြစ်ပွားပုံမှာ ပြီးခဲ့သည့် မတ် ၁၈ရက်က မိုးများ ဆက်တိုက်ရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုများဖြစ်ပွားရာ ကလေးငယ်များအပေါ် ပိကျခဲ့ရာမှ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဆောင်ရွက်

ပျောက်ဆုံးနေသော လူငယ်များအား ရဟတ်ယာဉ်နှစ်စင်းဖြင့် ရှာဖွေလျက်ရှိပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပြကာကွယ်ရေးအဖွဲ့ဝင်များကလည်း နေရာအနှံ့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံး ပန်းဥယျာဉ်

ကမ္ဘာ့အသေးငယ်ဆုံး ပန်းဥယျာဉ်လေး တစ်ခုကို တွေ့ရစဉ်။

အဆိုပါ ပန်းဥယျာဉ်ကို ပိုလန်နိုင်ငံ ပက်စ်စီးတီးမြို့တွင် ဒစ်ဖာဂန် ဆိုသူက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းပန်းဥယျာဉ်လေး၏ အချင်း ၂၄လက်မရှိပြီး အကျယ် ၄၅၂ ဒသမ ၁၆ စတုရန်းလက်မရှိသော မြေပေါ်၌ ပြုလုပ်ထားခြင်း ဖြစ်သည်။ ထို ပန်းဥယျာဉ်သည် ကမ္ဘာ့ အသေးငယ်ဆုံး ပန်းဥယျာဉ်အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့အသေးငယ်ဆုံး ပုလင်းလေး

ကမ္ဘာ့အသေးငယ်ဆုံး ပုလင်းလေး တစ်လုံးကို အတိုင်းအထွာနှင့်တကွ ပြသထားစဉ်။



အဆိုပါ ပုလင်းလေးကို ၁၉၉၀ ပြည့်နှစ်က ဒတ်နယူတန် ဆိုသူက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပုလင်းလေးအတွင်း၌ သင်္ဘောငယ်လေး တစ်စင်းရှက်လှင့်နေပုံ ပါရှိသည်။ ၎င်းပုလင်းမှာ အရှည် ၁ဒသမ ၇၃လက်မရှိပြီး ယခုအခါ ဗြိတိန်နိုင်ငံ မာဆေးဆိုက် ပြတိုက်၌ ပြသထားသည်။

(အင်တာနက်)

မလေးရှားနိုင်ငံ မလက္ကာရေလက်ကြား၌ ကမ်းစောင့်တပ်စတင်ချထား

ပို့ကလန် မတ် ၂၅

မလေးရှားကာကွယ်ရေးဝန်ကြီး နဂျစ်သည် သင်္ဘောများနှင့် တပ်ဖွဲ့ဝင်များကို အင်္ဂါနေ့က စစ်ဆေးခြင်းနှင့်အတူ မလေးရှားနိုင်ငံက ကမ်းစောင့်တပ်ကိုစတင် တရားဝင်ဖြန့်ကြက်ချထားလိုက်သည်။

ခြိမ်းခြောက်

မလေးရှားနိုင်ငံ၏ အကြီးမားဆုံး ပင်လယ်ရေကြောင်း ခြိမ်းခြောက်မှုမှာ မလက္ကာ ရေလက်ကြားဆီမှ ပင်လယ်ဓားပြတိုက်မှုပင် ဖြစ်သည်။ မလက္ကာ ရေလက်ကြားသည် အာရှတိုက်နှင့် အရှေ့အလယ်ပိုင်း ဥရောပတို့ကို ဆက်သွယ်ပေးပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးပမာဏ၏ ၄၀ ရာခိုင်နှုန်းသော ကုန်စည်များဖြတ်သန်းသည့် နေရာလည်းဖြစ်သည်။ ထိုအထဲတွင် ဂျပန်နှင့် တရုတ်ပြည်သို့ ပို့သည့် စွမ်းအင် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်း ပါဝင်သည်။

ပြောကြား

မလက္ကာရေလက်ကြားအတွင်း ပင်လယ်ဓားပြတိုက်မှုမှာ သိသိသာသာ လျော့နည်းသွားကြောင်း၊ ယခုနှစ်အတွင်း ပင်လယ်ဓားပြတိုက်သည်ဟူ၍ မကြားရသေးကြောင်း ကာကွယ်ရေးဝန်ကြီး နဂျစ်က ပြောကြားသည်။

ကမ်းစောင့်တပ်များ ဖြန့်ကြက်ချထားလိုက်ခြင်းမှာ မလက္ကာ ရေလက်ကြားကို မလေးရှားနိုင်ငံက ကာကွယ်ရန် သန္နိဋ္ဌာန်ချထားမှုကို ပြသည့် လက္ခဏာ ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကြက်ငှက်တုပ်ကွေးစစ်ဆေးရန် သွေးနမူနာများ ကမ္ဘောဒီးယား၌ ကြက်များမှ ထုတ်ယူစမ်းသပ်

ဖနောင်ပင် မတ် ၂၅

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အနောက်ဘက် မိုင် ၄၀အကွာ ကမ်ပေါင်စပီးပြည်နယ် တူလ်ပရက်ဂျ် ကျေးရွာရှိ ကြက်များမှ သွေးနမူနာများ ထုတ်ယူခဲ့သည်။ **(အောက်ပုံ)**

ကမ္ဘောဒီးယားနိုင်ငံတွင် လွန်ခဲ့သော တစ်နှစ်က အသက် သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ကြောင့် သေဆုံးခဲ့ရကြောင်း အစိုးရနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ်၂၄ရက်၌ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

❒ ကျောဖုံးမှ

မန်းရွှေစက်တော် ဘုရားသည် မင်းဘူးမြို့၏အနောက်ဘက်၃၁မိုင်ခန့် အကွာ စကုမြို့နယ်အတွင်း ရွှေစက်တော် ဘေးမဲ့တောနယ်မြေ၌ တည်ရှိသည်။ အဝေးမှ ကြည့်ပါလျှင် မှိုင်းညို့ပြီး သပ္ပာယ်စဖွယ်ကောင်းကာ ပြာသာဒ်တန်ဆောင်းစုလစ်မွမ်းချွန်တို့ကလည်း စိတ်အာရုံကို ညှို့တန်းမှုဖြစ်ပေါ်စေသည်။

ထူးခြား

မန်းရွှေစက်တော်၌ စက်တော်ရာ နှစ်ဆူ ရှိပြီး အောက်စက်တော်ရာနှင့် အထက်စက်တော်ရာတို့ ဖြစ်သည်။ ထိုစက်တော်ရာများကား ထူးခြားလှသည်။ ဂေါတမ မြတ်စွာဘုရားသခင်သည် ဝါတော် ၂၀ ကျော်တွင် ယခင် သုနာပရန္တ ယောနကတိုင်း ယခုအခါ မကွေးတိုင်း စကုမြို့နယ် မြောက်ပိုင်းရှိ နမ္မဒါမြစ်ဟု ခေါ်သော မန်းမြစ် အနောက်ဘက် မြကျောက်ဖျာပေါ်၌ နမ္မဒါနဂါးမင်း၏တောင်းပန်မှုကြောင့် ၁၀၈ကွက် စက်လက္ခဏာနှင့် ပြည့်စုံသော ခြေတော်ရာကို ချထားခဲ့ရာ ၎င်းခြေတော်ရာကို အောက်စက်တော်ရာဟု ခေါ်ဆိုလျက် ဗုဒ္ဓဘာသာဝင်တို့ ပူဇော်ကြည်ညိုကြရပေသည်။

ခြေတော်ရာ

ထိုသို့မြတ်စွာဘုရားသခင်သည် သာသနာထွန်းကားစေရန် ခြေတော်ရာချထားပေးပြီးနောက် ခွေရစ်ပတ်ဝိုက် သုံးကြိမ်ဦးတိုက် စီးဆင်းရသည့် နမ္မဒါမြစ်၏ တောင်ထိပ်ပေါ်သို့ ကြွမြန်းတော်မူလေသည်။ ထိုအခါ တောင်ထိပ်ပေါ်တွင် ပစ္စဗဒ္ဓအမည်ရှိသော ရဟန်းတော်မြတ်က မြတ်စွာဘုရားကိုယ်စား အများပြည်သူတို့ ပူဇော်ကြည်ညိုသဒ္ဓါ တရားပွားများစေရန် တောင်းပန်မှုကြောင့် ခြေတော်ရာတစ်ခုကို ချထားပေးခဲ့လေသည်။ ထိုခြေတော်ရာမှာ အထက်စက်တော်ရာဟု ယခုတိုင် ထင်ရှားကိုးကွယ်ပူဇော်နေကြသည့် စက်တော်ရာပင် ဖြစ်ပေသည်။

တည်ထားကိုးကွယ်

ထို့ကြောင့် အထက်စက်တော်ရာကို ပစ္စဗဒ္ဓတောင်ထိပ်တွင် တည်ထားခြင်းဖြစ်ပြီး အောက်စက်တော်ရာကို ပစ္စဗဒ္ဓတောင်အောက်၌ တည်ထားကိုးကွယ်ထားခြင်းဖြစ်ပေသည်။

ကျင်းပလျက်ရှိ

မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယ ပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အထိ ရက်ရှည် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းမှ လာရောက်ဖူးမြော် ကြည်ညိုသူ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ မြန်မာနိုင်ငံအနှံ့ ဘုရားဖူးထွက်သူတိုင်း မလာမဖြစ် လာရောက်လျက်ရှိကြသည့် ဘုရားပွဲတော် တစ်ခုဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများကလည်း မြန်မာပြည်ခရီးစဉ်၌ မပါမဖြစ်ပါရှိအောင် ထည့်သွင်း လာရောက်ကြသည့် ပွဲတော်တစ်ခုလည်း ဖြစ်သည်။

စည်ကားသောပွဲတော်

မြစ်ရေတသွင်သွင် စီးနေသော၊ ဆိုင်တန်းများ အစီအရီရှိနေသော၊ တန်ဆောင်းရှည်များဖြင့် ခံ့ညားတင့်တယ်သော၊ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများနှင့် ကြက်ပျံမကျစည်ကားနေသော မန်းရွှေစက်တော်ဘုရားပွဲကား မြန်မာ့ဘုရားပွဲတော်များတွင် အစည်ကားဆုံးပွဲတော်တစ်ခု၌ပါဝင်လျက်ရှိသည်။

ချောမောလွယ်ကူစေရန်

ဘုရားပွဲတော်လာ ဘုရားဖူးများ အတွက်လည်း ကျန်းမာရေး၊ လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို အပြည့်အဝဆောင်ရွက်ပေးလျက်ရှိပြီး ဘုရားဖူးများ လာရောက်ရာတွင် ချောမောလွယ်ကူစေရန် ရစ်မိုင်ကားလမ်းကိုလည်း အဆင့်မြင့် ပြင်ဆင်လျက်ရှိကြောင်း တွေ့ရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးတို့၏ ကြည်ညိုသဒ္ဓါအလှူငွေတို့ဖြင့် ပြုပြင်တည်ဆောက်ထားသော ဘုရား၊ တန်ဆောင်း၊စောင်းတန်းများကလည်း သစ်လွင်တောက်ပလျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားဖူးများအတွက် ဦးခိုက်ပူဇော်ဖူးမြော်လိုစိတ်တဖွားဖွားဖြစ်ပေါ်စေသည့် မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးဖြစ်ပါကြောင်း သတင်းပို့ရေးသား ပူဇော်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မကွေးတိုင်း မင်းဘူးခရိုင် စကုမြို့နယ်ရှိ မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယ ပွဲတော်ကြီး ကျင်းပလျက်ရှိရာ အောက်စက်တော်ရာ၌ ကုသိုလ်ယူလိုသူ ဘုရားဖူးများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မန်းရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ စတင် ကျင်းပလျက်ရှိရာ မတ် ၂၁ ရက်က ကုသိုလ်ယူသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး မန်းချောင်းရေ၌ ဘုရားဖူးများ ရေချိုးနေကြစဉ်။ (မြန်မာ့အလင်း)

မကွေးတိုင်း မင်းဘူးခရိုင် စကုမြို့နယ်ရှိ မန်းရွှေစက်တော်ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးလ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပလျက်ရှိရာ မတ် ၂၁ ရက်က အောက်စက်တော်ရာ ရင်ပြင်မှ အထက်စက်တော်ရာကို ဤသို့ ဦးခိုက်ပူဇော် ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ (မြန်မာ့အလင်း)

လန်ဒန်မြို့တွင် သက်ကြီးရွယ်အိုများသာ ဆရာဝန်နှင့် ပြသရန် စောင့် ဆိုင်း နေကြသည်ကို တွေ့ရစဉ်။

လူငယ်များဆရာဝန်နှင့်ပြသရန် အချိန်ပေးစောင့်ဆိုင်းလိုခြင်းမရှိကြ ဗြိတိန်၌ ပြုလုပ်သော သုတေသန ဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြ

ယနေ့လူငယ်များသည် မိမိတို့၏ကျန်းမာရေးနှင့်ပတ်သက်သော စစ်ဆေးကုသပေးမည့်ဆရာဝန်များကို အချိန်ပေးကာ စောင့်ဆိုင်းခြင်းကို ပြုလုပ်လိုစိတ်မရှိကြသူ လူငယ်အရေအတွက် တိုးတက်များပြားလာလျက်ရှိကြောင်း သုတေသနစစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

လူငယ်များပြား

ဗြိတိန်နိုင်ငံတွင် လူငယ်အများအပြားအနေဖြင့် ကျန်းမာရေးအတွက် ဆရာဝန်ကိုပြသရန် တန်းစီစောင့်ဆိုင်းရသည့်အချိန်ကို မပေးလိုကြသည့်လူငယ်များပြားလာခဲ့ရာ အသက်၁၈နှစ်မှ၂၉နှစ်အကြား လူငယ်များ၏ ၄၂ရာခိုင်နှုန်းအထိ ရှိကြောင်း အဆိုပါ သုတေသနပြုချက်၌ ဖော်ပြသည်။

ငွေကြေးရလိုမှု

လူငယ်များအနေဖြင့် ငွေကြေးရလိုမှုနောက်ကိုသာ အချိန်ပေးလုံးပန်းနေကြရာ ကျန်းမာရေးအတွက် ဆရာဝန်နှင့် စနစ်တကျပြသကုသရန် အချိန်ပေးတန်းစီ မစောင့်ဆိုင်းချင်ကြကြောင်း၊ ဗြိတိန်နိုင်ငံတွင်ရှိသော လူငယ်၂၀၃၂ဦးတို့အား ကွင်းဆင်းသုတေသနပြုခဲ့ရာ ၎င်းတို့၏သွားများသည် ကျန်းမာရေးဆိုင်ရာ ဆိုးရွားသောအနေအထားကို တွေ့ရှိရပြီး သွားဆရာဝန်များထံသွားပြရန် အချိန်ပေးစောင့်ဆိုင်းရမှုကို မပြုလုပ် လိုကြသူများဖြစ်နေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ထို့အတူ ဆံပင်ပုံစံအလှပြင်ဆင်ခြင်းနှင့် အခြားကိစ္စရပ်များတွင်လည်း အချိန်ပေးစောင့်ဆိုင်းလိုခြင်းမရှိသည့် လူငယ်အရေအတွက်မှာ ၃၈ရာခိုင်နှုန်းခန့်ရှိသည်ဟု ဖော်ပြထားသည်။ ထိုသို့စောင့်ဆိုင်းရခြင်းသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကိုဖြစ်စေသည့်အပြင် အချိန်အလဟဿကုန်ဆုံးသွားခြင်းဖြစ်ကြောင်း လူငယ်များကပြောကြားသည်ဟုလည်း အဆိုပါသုတေသနပြုချက်၌ ဆက်လက်ဖော်ပြသည်။

အင်တာနက်နှုန်းအတိုင်း

ယနေ့လူငယ်များသည် အင်တာနက်များကို ချိတ်ဆက်အသုံးပြုမှု များပြားလာသဖြင့် အင်တာနက်မြန်နှုန်းအတိုင်း လူမှုဘဝနေထိုင်လှုပ်ရှားမှုများကို လုပ်ဆောင်လာကြသည့်အလျောက် ယင်းစိတ်ဆန္ဒများဖြစ်ပေါ်လျက်ရှိကြောင်း လန်ဒန်မြို့၌ပြုလုပ်သည့် သုတေသန လေ့လာဆန်းစစ်ချက်ကို ဦးဆောင်ပြုလုပ်ခဲ့သော စတီလော့စ်ဟာဂျေက ပြောကြားသည်။

(ကိုးကားချက်–အင်တာနက်)

ငါးတွင်ပါဝင်သောအဆီသည် နှလုံးနှင့်ကင်ဆာရောဂါများကိုကာကွယ်နိုင်

ငါးများတွင် ပါရှိသောအဆီသည် လူတို့၏ကျန်းမာရေးကို ကောင်းစွာ အကျိုးပြုစေသည့်အချက်ကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်ဟု ဗြိတိသျှဆေးဘက်ဆိုင်ရာ ဂျာနယ်တစ်ခု၌ ဖော်ပြလိုက်သည်။

ငါးဆီတွင် ဖက်တီးအက်ဆစ် ပါဝင်လျက်ရှိရာ ငါးဆီကိုစားသုံးခြင်းဖြင့် လူတို့တွင် ဖြစ်ပေါ်မှုများပြားနေသော နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် ငါးကို သီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့်စားသုံးသင့်ကြောင်း အဆိုပါဂျာနယ်၌ အကြံပြုဖော်ပြသည်။

ဖြစ်ပွားမှုမရှိ

မကြာမီက ပြုလုပ်ခဲ့သော လူ ၈၉ ဦးကို သုတေသနပြုချက်တစ်ရပ်၌ ငါးကိုစားသုံးသည့်သူများသည် ငါးတွင်ပါဝင်သောအဆီကြောင့် နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် သွေးတိုးဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။ထို့ကြောင့် ဆော်လမွန်ငါးကဲ့သို့သော ငါးများကိုအမြဲတမ်းစားသုံးသင့်ကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက တိုက်တွန်းပြောကြားထားသည်။

(ကိုးကားချက်–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

သန့်လျင်တပ်နယ် သကျမာရဇိန်စေတီတော်ဌာပနာတော်ပိတ်ပွဲနှင့်ပန်းလည်တိုင်စိုက်ထူပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးတို့ တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန့်လျင်တပ်နယ် ဟံသာဒီပကုန်းတော်ရှိ သကျမာရဇိန်စေတီတော် ဌာပနာတော်ပိတ်ပွဲနှင့် ပန်းလည်တိုင်စိုက်ထူပွဲ အခမ်းအနားကို မတ် ၂၃ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီးတို့ တက်ရောက်ကြည်ညိုကြသည်။

ကြွရောက်တော်မူ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွဲဖက် အကျိုးတော်ဆောင်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို သံဃာတော်များအား ဆက်ကပ်ကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ပရိတ်ရေ၊ပရိတ်သဲနှင့်ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

လှူဒါန်းမှုအစုစု

ထို့နောက် ဌာပနာတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ် ပစ္စည်းများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရုပ်ပွားဆင်းတုတော်စသည်များကို စေတီတော်ပရိဝုဏ်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်၍ ဘုရားဒါယကာများက မင်္ဂလာအချိန်၌ သတ္တဌာန မူလဌာပနာတော်သွင်းခြင်း၊ အလယ်ဌာပနာတော်သွင်းခြင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထိုအချိန်တွင် ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ "ဇယန္တော ဗောဓိယာမူလေ"အစရှိသော အောင်ဂါထာတော် နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က အမျှပေးဝေ၍ သမ္ဗာဒေဝနတ်ဒေဝါများအား ပြန်လည်ပို့ဆောင်ကြသည်။

ပေးအပ်

ဆက်လက်၍ သကျမာရဇိန်စေတီတော်တည်ဆောက်ရေးအတွက်လှူဒါန်းငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းဆောင်၌ အလှည့်ကျသီတင်းသုံးတော်မူကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကိတ္တိတို့ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်များအား နိဗဒ္ဓဆွမ်းအလှူရှင် မဟာသဒ္ဓမ္မ ဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ ဇနီး ဒေါ်ခင်ခင်စိန် (စိန်ရတနာရွှေဆိုင်)နှင့် သားများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို မတ်၂၀ရက် နံနက်၁၀ နာရီခွဲတွင် အဆိုပါ မဟာနာယက ကျောင်းဆောင်၌ ကျင်းပသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ရေစက်ချတရား ချီးမြှင့်တော်မူပြီး ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ဝဲပုံ)**
(သတင်းစဉ်)

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဧပြီ၈ရက်မှ ၁၇ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ဒုတိယထပ်တွင် မွန်းတည့်၁၂နာရီမှညနေ ၅နာရီအထိနေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

လုပ်ရပ်ဟာ သဟဇာတမဖြစ်တဲ့အတွက် တပ်မတော်ကို ထိပ်တိုက် ရင်ဆိုင်နိုင်ဖို့အတွက် ယခုလိုသူတို့ရဲ့ ခါးပိုက်ဆောင်တပ် တွေကို ကြိုတင်ပြီး အသင့်အနေအထားမှာ ထားရှိခဲ့တာပါပဲ ဦးလေး။

ဖြိုး – သူတို့ ဒီလို ကြံစည်လုပ်ကိုင်နေတာကို တပ်မတော်က မသိခဲ့ဘူးလား။

သိမ်း – သိခဲ့ပါတယ်။ ဒါပေမယ့် အခြေအနေကို စောင့်ကြည့်နေခဲ့တယ်။ ပြည်တွင်းမှာ ကိုယ့်အချင်းချင်း လက်နက်ကိုင်ပဋိပက္ခဖြစ်ခဲ့ရင် တိုင်းပြည်နစ်နာမယ်။ ပြည်ပက အန္တရာယ်တွေ ဝင်လာမယ်။ ဒါတွေကို ကြိုတင်မျှော်တွေးထားတဲ့ တပ်မတော်အနေနဲ့ အသင့်ပြင်ဆင်ထားရှိခဲ့တယ်။ ပြည်ပရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် အင်အားဖြည့်တင်းထားရှိခဲ့တယ်။ အသေးစိတ်သိချင်တယ် ဆိုရင် ယခင်အထောက်တော် သတင်းစာအယ်ဒီတာချုပ် ဦးအုန်းမြင့်ရေးသားထုတ်ဝေခဲ့တဲ့ "ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ်စုံအညီနဲ့" စာအုပ်ကို ဖတ်ရင် ပိုသိနိုင်ပါတယ် ဦးလေး။

ဖြိုး – ပါတီနိုင်ငံရေးသမားတွေရဲ့ အမှားတော်ပုံက မကုန်နိုင်သေးပါလားကွယ်။

သိမ်း – အဲဒီအချိန်ဟာ တိုင်းပြည်အတွက် အခက်အခဲအကျပ်အတည်းဆုံးဖြစ်ခဲ့တယ်။ ကိုယ့်အချင်းချင်း လက်နက်ကိုင်တိုက်ပွဲတွေ ဖြစ်ပွားပြီး ပြည်သူတွေ ဒုက္ခရောက်မယ်။ ပြည်တွင်း ပဋိပက္ခကြောင့် ပြည်ပက အန္တရာယ်တွေဝင်လာရင် တိုင်းပြည်အခြေအနေ ပိုဆိုးသွားမှာဖြစ်တယ်။ ဒါ့ကြောင့်မို့ တိုင်းပြည်တည်ငြိမ်အောင် ထိန်းပေးဖို့နဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးဖို့အတွက် နိုင်ငံတော်အာဏာကို တပ်မတော်ထံ လွှဲပြောင်းပေးခဲ့ရတာပဲ ဖြစ်တယ်။

ဖြိုး – ဒီဖြစ်ရပ်ဟာ သင်ခန်းစာယူစရာလို့ ဆိုရမှာပေါ့။

သိမ်း – ဟုတ်ပါတယ်။ ဒါတွေကို သင်ခန်းစာယူပြီး ယခုကျင်းပနေတဲ့ အမျိုးသား ညီလာခံမှာ ညှိနှိုင်းချမှတ်ထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခြေခံရမယ့် အသေးစိတ် အခြေခံမူတွေမှာ ကာကွယ်ရေးကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတော်မှာ တပ်မတော်တစ်ခုတည်းကိုသာ ထားရှိဖို့ဆိုတဲ့ အခြေခံမူတစ်ရပ်ကိုချမှတ်ခဲ့ပြီးဖြစ်ပါတယ် ဦးလေး။ ပထမ အစိုးရထံမှ အိမ်စောင့်အစိုးရ အာဏာလွှဲပြောင်းရယူခဲ့အပြီးမှာ ပြည်တွင်းဆူပူသောင်းကျန်းမှုတွေကို ငြိမ်ဝပ်ပိပြားအောင် ပြုလုပ်ပေးခဲ့တယ်။ နောက် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကိုပါ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ သန့်ရှင်း ဖဆပလအဖွဲ့က အနိုင်ရခဲ့လို့ အိမ်စောင့်အစိုးရဖြစ်တဲ့ တပ်မတော်က ပထမအစိုးရထံ အာဏာလွှဲပြောင်းပေးခဲ့ပါတယ်။

ဖြိုး – ၁၉၆၀–၆၂ခုနှစ် ပထမ အစိုးရလက်ထက်မှာ ဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေကို ဆက်ပြောပြပါဦး။

သိမ်း – အာဏာရ နိုင်ငံရေးအစိုးရရဲ့ အထွေထွေအားနည်းချက်ကို အခွင့်ကောင်းယူပြီး နယ်ချဲ့ပယောဂကြောင့် ဖောက်ပြန်နေတဲ့ ပဒေသရာဇ်အနွယ်တွေက ပြည်ထောင်စုမှ ခွဲထွက်ဖို့ ၁၉၆၀ ပြည့်နှစ် ကာလတစ်ဝိုက်မှာ လုပ်ကြံ စီစဉ်လာတာပါပဲ။ အနုနည်းနဲ့ မရခဲ့ရင် လက်နက်ကိုင် တိုက်ပွဲဆင်နွှဲပြီး ခွဲထွက် မယ်။ ခွဲထွက်ပြီး မကြာခင် သီးခြားသမ္မတနိုင်ငံအဖြစ်ကြေညာမယ်။ ဒါ့ပြင် ဒီအချိန်ကရှိခဲ့တဲ့ ဆီတိုးခေါ် အရှေ့တောင်အာရှ စစ်စာချုပ်အဖွဲ့ထဲ အဖွဲ့ဝင်အဖြစ် ဝင်ရောက်မယ်ဆိုတာတွေ ဖြစ်လာခဲ့တယ်။ ဒီအဖြစ်အပျက်တွေ အားလုံးကို အစမှအဆုံး သိရှိနေတဲ့ တပ်မတော်အနေနဲ့ ပြည်ထောင်စု မပြိုကွဲရေးအတွက် သမိုင်းပေးတာဝန်အရ ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့မှာ ပထမအစိုးရထံမှ အာဏာကို သိမ်းယူခဲ့ရတယ် ဦးလေး။

ဖြိုး – ပြည်ထောင်စု မပြိုကွဲရေးအတွက် မှန်ကန်တဲ့ လုပ်ရပ်ပါ။ ဆက်ပါဦး။

သိမ်း – ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း အန္တရာယ်တွေ ကျရောက်ခဲ့တဲ့ ၁၉၄၈၊ ၁၉၅၈၊ ၁၉၆၂၊ ၁၉၈၈ စတဲ့နှစ်တွေမှာ တကယ်လို့ တပ်မတော်ကသာ ဝင်ရောက်မထိန်းသိမ်း မကာကွယ်နိုင်ခဲ့ဖူးဆိုရင် ယခုလောက်ဆို မြန်မာနိုင်ငံဟာ ပြည်ပနိုင်ငံကြီးတစ်ခုရဲ့ ဩဇာခံနိုင်ငံဖြစ်ရင်ဖြစ် မဖြစ်ရင် ယခင်အရှေ့ဥရောပက နိုင်ငံတချို့ပြိုကွဲပျက်စီး သွေးချောင်းစီးရတဲ့ အခြေအနေမျိုး ရောက်ရှိသွားနိုင်ပါတယ်။

ဖြိုး – မင်းတို့လို မီဒီယာသမားတွေကိုလည်း ပြောရဦးမယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၁ရက်က အမျိုးသားဇာတ်ရုံမှာ ကျင်းပတဲ့ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က **ယနေ့အချိန်အခါတွင် အနောက်နိုင်ငံကြီးအချို့သည် မိမိတို့နိုင်ငံကို သူတို့အလိုကျ လက်အောက်ခံ နိုင်ငံတစ်နိုင်ငံဖြစ်အောင် ပြည်ပြေးသစ္စာဖောက် သူလျှိုဒလန်များနှင့်ပူးပေါင်းပြီး မီဒီယာအမျိုးမျိုးကို အသုံးချကာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၌ ပြောင်ပြောင်တင်းတင်း ဝင်ရောက်လုပ်ကိုင်နေသည်ကို အားလုံးသိပြီးဖြစ်ကြောင်း။ ယင်းအန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် အမျိုးသားရေး မူဝါဒကို ပြည်သူအားလုံးခိုင်ခိုင်မာမာလက်ခံ ယုံကြည်လာအောင် စာပေသမားများက မိမိတို့၏ စာပေစွမ်းအားဖြင့် ဆက်လက် တာဝန်ယူသွားရမှာဖြစ်ကြောင်း** ပြောကြားတယ်။ မီဒီယာသမားတွေအနေနဲ့ "နိုင်ငံတော် အခြေခံမူခြောက်ရပ်မှာပါရှိတဲ့ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ကပါဝင် ထမ်းဆောင်နိုင်ရေး" အခြေခံမူဟာ အတိတ်ကာလမှာ ဖြစ်ပွားခဲ့တဲ့ ဒို့နိုင်ငံရဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေကို သင်ခန်းစာရယူပြီး ရှေ့ဆက်မဖြစ်ပေါ်လာဖို့အတွက် ယခုလိုနိုင်ငံတော်အခြေခံမူ တစ်ရပ်အဖြစ် ရေးဆွဲခဲ့ရခြင်းဖြစ်တယ်။ အတိတ်ကဖြစ်ရပ်တွေကို လေ့လာကြည့်မယ်ဆိုရင် **တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်**ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးခဲ့တယ်။ ယခုပစ္စုပ္ပန်နဲ့ အနာဂတ်ကာလတွေလည်း ဆက်လက်ကျင့်သုံးသွားမယ်ဆိုတာ ပြည်သူတွေသိရှိ သဘောပေါက်နားလည်နိုင်ဖို့အတွက် အလျဉ်းသင့်တဲ့အချိန်တိုင်း စာနယ်ဇင်းတွေမှာ ရေးသားဖော်ပြဖို့ တာဝန်ရှိတယ်ဆိုတာ ပြောကြားရင်း ကဲ ဒို့ရဲ့ဆွေးနွေးပွဲကို ဒီမှာပဲ ရပ်နားကြစို့ကွာ။ ။

ခေမာရာမကျိုင်းတုံကျောင်းတိုက် ငါးထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဓမ္မသီရိအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ်၁၅ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ခေမာရာမကျောင်းတိုက်၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (မြန်မာ့အလင်း)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် စနေ–ဗုဒ္ဓဟူးရာဟုထောင့်များတွင်ကြွေပြားများခင်းရန်အတွက် ဦးသိန်းထွန်းမောင်–ဒေါ်မြမြမိသားစု အမှတ်၃(က) ဇမ္ဗူရဗ်လမ်း (၁၄)ရပ်ကွက် ရန်ကင်းမြို့နယ်မှ ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးထံ ငွေကျပ် ၂၆၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရှေ့ဖုံးမှ

ပုသိမ်မြို့နှင့် ချောင်းသာကြား စိန်တောင်-ဂျက်ကာလမ်းပေါ်ရှိ ပုဂ္ဂလိက ကုမ္ပဏီများ၏ ရော်ဘာစိုက်ခင်းကို ရောက်ရှိပြီး ရော်ဘာပျိုးခင်းနှင့် စိုက်ကွင်းတို့ကို ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပုဂ္ဂလိကကုမ္ပဏီသည် ရော်ဘာစိုက်ခင်းတွင် ဧက၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုပထမနှစ်၌ ဧက၃၅၀ စိုက်ပျိုးရန် တောခုတ်ရှင်းလင်း ထားကာ ပျိုးပင်ပေါင်း ၈၅၀၀၀ကို အသင့်စုဆောင်းထားပြီး ဖြစ်သည်။ ယခုအခါ ရော်ဘာဧကနှစ်ဧက စိုက်ပျိုးထားပြီး ဖွန်လမှစ၍ မိုးကာလတွင် ဧက၃၅၀ကို အပြီးစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေသောင်ယံမြို့

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရောင်ခြည်ထွန်းတောက် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီး၍ မကြာမီဖွင့်လှစ်တော့မည့် ရွှေသောင်ယံမြို့ ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရွှေသောင်ယံမြို့ ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ကဏ္ဍအလိုက်ဖြည့်စွက်ရှင်း

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ရွှေသောင်ယံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ငရုတ်ကောင်း၃၈ဧက၊ ခြံစည်းရိုးကြက်ဆူပင်၁၁၃၇၀၀ပျိုးထောင်စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ရွှေသောင်ယံမြို့သည် ဌာနဆိုင်ရာရုံးများဖြင့် တိုးတက်စည်ကားလာပြီဖြစ်ကြောင်း၊ ဒေသဝမ်းစာအနေဖြင့်မှု ဖူလုံခြင်းမရှိသေးသဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ်ကာ မိုးစပါးကိုတိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ မိုးစပါးစိုက်ပျိုး ရိတ်သိမ်းပြီးပါက ပဲနှင့်သင့်လျော်သည့် ဆီထွက်သီးနှံများကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်ကြောင်း၊ အလားတူ ရော်ဘာနှင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်လျှင် ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဤဒေသသည် ပင်လယ်ပြင်နယ်နိမိတ်နှင့် ဆက်စပ်နေသည်ဖြစ်ရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို ဂရုပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဖောက်လုပ်ဆောင်ရွက်နေသည့် ပုသိမ်-ငွေဆောင်လမ်းဖောက်လုပ်ရေး စီမံကိန်းအခြေစိုက်စခန်း(စိန်တောင်) သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းမြင့်က ကွန်ကရစ်လမ်း ၉/၁မိုင်နှင့် ကတ္တရာလမ်း ၂၀/၃မိုင်ပြီးစီးမှုနှင့် ကြွခိုင်မှုအပိုင်း ထိန်းသိမ်းဆောင်ရွက်နေမှု၊ တံတားအစင်း ၂၈စင်းအနက် တံတားတစ်စင်းမှအပ အားလုံးတည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ငွေဆောင်မြို့သို့ ရောက်ရှိကြသည်။

ငွေဆောင်မြို့ပြည်သူ့ဆေးရုံ

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရောင်ခြည်ထွန်းတောက် ကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်နေသည့် ငွေဆောင်မြို့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးတင်ရွှေက လိုက်လံ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ငွေဆောင်မြို့ပြည်သူ့ဆေးရုံမှာ မြေနေရာအကျယ်အဝန်း ၃ဒသမ ၁၁ဧကရှိပြီး အုတ်တိုက်အမျိုးအစား ဖြစ်သည်။ အလျားမှာ ၂၁၄ပေနှင့် အနံ ၁၂၄ပေရှိပြီး ယခုလုပ်ငန်းတစ်ခုလုံး၏ ၄၀ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်းသိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ အခမ်းအနားတွင် ရှေးဦးစွာ ငွေဆောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူရက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဝမ်းစာဖူလုံမှု၊ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း နွေစပါးလျာထား ဧက၅၂၅၀အနက် ၂၀၁၅ဧက၊ ငရုတ်ကောင်း ၁၀၁ဧကနှင့် ရော်ဘာ ၂၅၅ဧက၊ ခြံစည်းရိုး ကြက်ဆူပင် ၃၂ဒသမ၆၈ ဧက စိုက်ပျိုးပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ငွေဆောင်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် ဌာနဆိုင်ရာများက စနစ်တကျဆောင်ရွက်ပေးရန်နှင့် ဒေသခံများကလည်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဆန်ဖူလုံသည့် ဒေသဖြစ်သော်လည်း ထပ်မံတိုးချဲ့စိုက်ပျိုးခြင်း၊ ဒေသကြက်ကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူခြင်း၊ တစ်ပိုင် တစ်နိုင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေများ တိုးတက်ရရှိနိုင်ကြောင်း။

အလားတူရော်ဘာနှင့် ငရုတ်ကောင်းကိုလည်း တိုးချဲ့စိုက်ပျိုးကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် လွယ်လင့်တကူ စိုက်ပျိုးနိုင်ပြီး ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို တစ်အုပ်တစ်မစီးပွားဖြစ် စိုက်ပျိုးသကဲ့သို့ အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရန်လိုကြောင်း၊ မိမိအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူး ရရှိနိုင်ကြောင်း၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများ အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးမှာ ဌာနဆိုင်ရာနှင့် ပြည်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

ရွှေမင်းဝံဆရာတော်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တ သောဘန(မဟာကမ္မဋ္ဌာနာစရိယ)မထေရ်အား အဂ္ဂမဟာပူဇော်ပွဲနှင့် သီဟသုဓမ္မသီင်္ဂိဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ရှမ်းလေးမဟာဓမ္မဗိမာန်တော် ကျောင်းအမကြီး ဒေါ်ကြူကြူသင်းအား ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားမင်္ဂလာကို (၁၃၆၇ခုနှစ် တန်ခူးလဆန်း ၅ရက်) ဧပြီ ၂ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရွှေမင်းဝံသာသနာ့ရိပ်သာ မဟာဓမ္မဗိမာန်တော်အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

သက်တန့်ရောင်စဉ်များ ပန်းချီပြပွဲပြသ

ရန်ကုန် မတ် ၂၅

မြောက်ဥက္ကလာပမြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံး၏ (၁၀)ကြိမ်မြောက် ပန်းချီပြပွဲကို မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ကြီးကြပ်မှုဖြင့် သက်တန့်ရောင်စဉ်များပန်းချီပြပွဲကို မြောက်ဥက္ကလာပမြို့နယ် ပန်းချီပညာရှင်များဖြစ်ကြသည့် ကျော်အောင်၊ သက်အောင်၊ တင်မြ၊ သပြေမြင့်သိန်း၊ မြကြီး၊ ရွှေကျော်လင်း၊ မြင့်မောင်ကြီး၊ ခရေမြင့်သန်း၊ ဘစတား၊ သန်းထွန်း၊ နိုင်ဝင်း၊ လှမြင့်ဦး၊ ကျော်သစ်ဆန်း၊ စန်းအောင်၊ နေဝန်းသစ်၊ ထွန်းထွန်း၊ ရဲကျော်စွာ၊ မျိုးမြင့်အောင်၊ အောင်ကျော်ဟိန်း၊ Roseမောင်မောင်၊ ဟန်မင်းထွန်း၊ အောင်သူရ၊ ကိုရီကို၊ ကျော်ဆန်းသွင်၊ ကောင်းဝေ၊ နေအောင်ရှူ၊ စန်းဌေး၊ ဖြူဖြူမော်၊ မြမြလွင်၊ တင်တင်ခိုင်၊ တင်တင်ဝင်းတို့ ပါဝင်ပြသကြမည်ဖြစ်ပြီး ပြပွဲကို မတ် ၂၃ရက်မှဧပြီ၁ရက်အထိ နံနက် ၉နာရီမှ ညနေ၅နာရီအထိ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) အမှတ်၁၈၇/၁၉၇တွင် ခင်းကျင်းပြသလျက်ရှိကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော ကျောင်းဝတ်စုံချုပ်လုပ်သော လုပ်ငန်းနှင့် သက်န်းချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပါဝင်ထမ်းဆောင်ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် မတ်၂၀ရက် နံနက်၈နာရီက မန္တလေးမြို့ရှိ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင် ဒေါ်စန်းစန်းရီ၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ တာဝန်ခံများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၅၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက က တိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တတ်နိုင်သည့် ဘက်မှ ပါဝင်ပူးပေါင်းဆောင်ရွက် သွားကြရန်၊ အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV/AIDS) တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်းပါလုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အန္တရာယ်မှ ကင်းဝေးစေရန် မူးယစ် ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အခြားသော လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် ပြောကြားသည်။ ထို့အပြင် အမျိုးသမီးများယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းများတွင် ဆက်စပ်သော ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

အားပေးစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် အမျိုးသမီးများစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ သွားရောက်ကြည့်ရှုပြီး မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော ရွှေချည်ထိုးသင်တန်း၊ ကျောင်းဝတ်စုံချုပ်လုပ်သော လုပ်ငန်းနှင့် သင်္ကန်းချုပ်လုပ်ခြင်းလုပ်ငန်းများကိုလည်း လှည့်လည်ကြည့်ရှု၍ လုပ်ငန်းခွင်၌ရှိသော အမျိုးသမီးများအား အားပေးစကားပြောကြားသည်။

ထောက်ပံ့မှု

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မေတ္တာရှင်ဆေးရုံသို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဆေးရုံ တက်ရောက်နေသူများအား ငွေကြေးထောက်ပံ့မှုများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌသည် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အမရပူရမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အတူ ကျေးလက်ဒေသများ၌ မိသားစုဝင်ငွေတိုးရေး လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ထောက်ပံ့ငွေကျပ်၁၀သိန်းကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမရပူရမြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်နေသော ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ဦးနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် အရင်းအနှီးရရှိ၍ လုပ်ငန်းများ အောင်မြင်မှုရရှိပုံကို ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးများကိုယ်စား ငယ်တိုးကျေးရွာမှ ကိုယ်စားလှယ်တစ်ဦးက ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ရက်ကန်းလုပ်ကိုင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

✻ ကျောဖုံးမှ

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ (၆၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ ဦးစီးကော်မတီအောက်ရှိ ပြိုင်ပွဲကျင်းပရေးကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဆုရရှိကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၁)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တပ်မတော် စတင်ဖွဲ့စည်းပေါ်ပေါက်လာကတည်းက ပြည်သူများ၏ အာသီသ ပြင်းပြသည့် လွတ်လပ်ရေးကြီးကို ဖော်ဆောင်ပေးခဲ့သော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ လစာ၊ ရိက္ခာနှင့် မည်သည့်အခွင့်အရေးကိုမျှ မျှော်မှန်းခြင်းမရှိဘဲ မျိုးချစ်စိတ်ဖြင့် ဝင်ရောက်စစ်မှုထမ်းကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် နှစ်ပေါင်းတစ်ရာကျော် မြန်မာနိုင်ငံ၏ အဆီအနှစ်ကို ဝါးမျိုခဲ့သည့် နယ်ချဲ့ကို မောင်းထုတ်နိုင်ခဲ့သကဲ့သို့ ဖက်ဆစ်တော်လှန်ရေးကြီးကိုလည်း ပြည်သူနှင့် လက်တွဲပြီး အောင်မြင်စွာ ဆင်နွှဲခဲ့ကြကြောင်း၊ ၁၉၄၅ခုနှစ် မတ်၂၇ရက်သည် တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ သမိုင်းမော်ကွန်းတင်ရစ်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း။

အထင်အရှားရှိ

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး အကျိုးစီးပွားကို ဆောင်ကြဉ်းပြီး ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင်ခဲ့သော မျိုးချစ်တပ်မတော် ဖြစ်ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးကြီးကို ပြည်သူနှင့် လက်တွဲပြီး အရယူပေးခဲ့သကဲ့သို့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲစေရန် အသက်ပေးကာကွယ် စောင့်ရှောက်ခဲ့သည့် သမိုင်းကောင်းမွေအဖြစ် အထင်အရှားတည်ရှိခဲ့ကြောင်း။

ပြည်သူထဲက ပေါက်ဖွားလာပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်သည့် တပ်မတော်၏ သမိုင်းဝင် သမိုင်းတင်ထိုက်သည့် ဆောင်ရွက်မှုများ၊ ကောင်းမြတ်သည့် အစဉ်အလာများ၊ ပြည်သူနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ရရှိခဲ့သည့်အောင်မြင်မှုများကို နောင်လာနောက်သားများ သိရှိနားလည်အောင် ဖော်ကျူးမော်ကွန်းတင်နိုင်စေရန် ၁၉၉၃ခုနှစ် (၄၈)နှစ်မြောက်တပ်မတော်နေ့ကစပြီး စာပေနှင့် အနုပညာပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်း၊ ယခုဆိုလျှင် (၁၄)ကြိမ်မြောက် ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း။ (၄၈)နှစ်မြောက် တပ်မတော်နေ့တွင် စတင်ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲ၊ တေးသီချင်းပြိုင်ပွဲ၊ ပန်းချီပန်းပုပြိုင်ပွဲများသာ ကျင်းပနိုင်ခဲ့ကြောင်း။

တိုးချဲ့ကျင်းပ

(၄၉)နှစ်မြောက် တပ်မတော်နေ့တွင် ဝတ္ထုရှည်နှင့် စစ်ချီသီချင်းပြိုင်ပွဲ တိုးချဲ့ခဲ့ကြောင်း၊နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့ပြိုင်ပွဲတွင် ကဗျာတို၊ ကဗျာရှည်ခွဲခြားပြီး ပြိုင်ပွဲကျင်းပပေးခဲ့ကြောင်း၊ ကျောင်းသားကျောင်းသူများကိုလည်း အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်သတ်မှတ်ပြီး တိုးချဲ့ကျင်းပပေးခဲ့ကြောင်း။

တေးသီချင်းပြိုင်ပွဲတွင် ဝါသနာရှင် အဆင့်၊ ပညာရှင်အဆင့် တိုးချဲ့ကျင်းပခဲ့ပြီး ဓာတ်ပုံပြိုင်ပွဲတွင် ရောင်စုံပြိုင်ပွဲနှင့် အဖြူအမည်း ခွဲခြားကျင်းပပေးခဲ့ကြောင်း၊ ယခုအခါ ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ တေးသီချင်းပြိုင်ပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲ၊ ဝတ္ထုရှည်ပြိုင်ပွဲ စသည့်အနုပညာ

စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြိုင်ပွဲမျိုးစုံ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲများ ကျင်းပပေးခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်ကို ဖော်ဆောင်ခြင်း၊ ချီးမွမ်းဂုဏ်ပြုထိုက်သူကို ဂုဏ်ပြု မော်ကွန်းတင်ခြင်းနှင့် မျိုးဆက်သစ် အကျိုးပြု စာပေပညာရှင်များကို မွေးဖွားသန့်စင်ပေးနေခြင်းတို့ပင် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကဗျာပြိုင်ပွဲ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ကဗျာရှည် အဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ "လမင်းနိုင်ငံ"ကဗျာကို ရေးသားသူ တက္ကသိုလ်မောင်သန့်စင်၊ ဒုတိယဆုရ "အမျိုးသားရေးခင်မွေ့ အဘိုးမြေခြသေ့"ကဗျာကိုရေးသားသူ တင့်ထွန်း(ချောက်)နှင့်တတိယဆုရ "အားဆယ်တန် ဂုဏ်အစွမ်းနှင့် ခြုံလွှမ်းခဲ့သော တပ်မတော်"ကဗျာကို ရေးသားသူ မျိုးစစ်သည်တို့အားလည်းကောင်း၊ ကဗျာရှည်အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ "ဗီဇမှန်ကန် မျိုးထက်သန် ထိုက်တန်မော်ကွန်း ဂုဏ်တင်မွှမ်း" ကဗျာကို ရေးသားသူ မောင်သာမာန်၊ ဒုတိယဆုရ "ရွှေနိုင်ငံ ရွှေကမ္ဗည်းနှင့် ရွှေခရီးရွှေပန်းတိုင်" ကဗျာကို ရေးသားသူ မင်းသွေးနွယ်(ဇီးကုန်း)နှင့် တတိယဆုရ "အနာဂတ်၏ ရွှေရောင်လမ်း" ကဗျာကို ရေးသားသူ ရွှင်လန်းတို့အား လည်းကောင်း၊ ကဗျာတိုအဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ "မော်ကွန်းအလှ ဖော်ညွှန်းကြ တက်ကြွညီညီ တို့ရွှေပြည်" ကဗျာကို ရေးသားသူ ပုဏ္ဏဝတီတင့်နှောင်း၊ ဒုတိယဆုရ "ပြည်သူကွန်းခိုမြရိပ်ညို"ကဗျာကို ရေးသားသူ မစောက္ကန္ဒာသက်မောင်နှင့် တတိယဆုရ "စည်းလုံးချစ်ကြည် နိုင်ငံတော်သစ်ဆီ" ကဗျာကိုရေးသားသူ ရွှေညာသားမြတ်မင်းတို့အား လည်းကောင်း၊ ကဗျာတို အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ "တွေးအယူ တူမျှ ဖေးကူထူမ အေးလူကြုံမြ ပြည်သစ်လမ်း" ကဗျာကို ရေးသားသူ မေသက်နွယ်ဦး၊ ဒုတိယဆုရ "ရွှေခေတ် ရွှေနိုင်ငံ ရွှေမော်ကွန်း"ကဗျာကို ရေးသားသူ မောင်တင်ထွန်း(ကန်သာလေး)နှင့် တတိယဆုရ"မြန်မာပြည် ကာကွယ်မည်"ကဗျာကိုရေးသားသူ အောင်ခြိမ့်မိုးတို့အား လည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းက (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရ "နေမင်းသံလွင် လမင်းသံလွင်"ဝတ္ထုကိုရေးသားသူ တင်အောင်စိုး(ပန်းမြို့တော်)၊ ဒုတိယဆုရ "ကြယ်စင်ဖွဲ့ယံ ရွှေနိုင်ငံ"ဝတ္ထုကို ရေးသားသူ စိုးပိုင်ယွန်းနှင့် တတိယဆုရ "စစ်မှာအားသွန် ပျိုရွယ်လွန်တိုင်"ဝတ္ထုကို ရေးသားသူ ရဲရဲထွန်း(ဟင်္သာတ)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရ"စစ်သားဖေဖေ ဖေဖေစစ်သား"ဝတ္ထုကိုရေးသားသူ မောင်ချိုဝေ၊ ဒုတိယဆုရ "မြင့်မြတ်မော်ကွန်း"ဝတ္ထုကို ရေးသားသူ နွေးထက်လှိုင်နှင့် တတိယဆုရ "စစ်ဖိနပ်တစ်ရံ"ဝတ္ထုကိုရေးသားသူ မိုးမြင့်စံ၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မမြဝင်း(အောင်နန်း/ရှေ့)၊ ဒုတိယဆုရ ဆူးခါးဘုန်းမြင့်နှင့် တတိယဆုရ မသန်းအိ(ပုလဲဖြူ)၊ ဆောင်းပါးပြိုင်ပွဲကျွမ်းကျင်ပညာရှင်အဆင့်တွင် ပထမဆုရ ဦးစိုးမြင့်(အလယ်တန်းပြ၊ အထက-၂၊ သာစည်)၊ ဒုတိယဆုရ ဒေါ်နန်းတင်ရီ(အလယ်တန်းပြ၊ အထက-၇၊ မော်လမြိုင်)နှင့် တတိယဆုရ ဒေါ်တင်တင်ခိုင်(အလယ်တန်းပြ၊ အလက-၁၀၊ မိတ္ထီလာ)၊ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံ အဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ စစ်တက္ကသိုလ်မှ ဗိုလ်လောင်းရဲဘုန်းကျော်၊ ဒုတိယဆုရ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မဝင်းသူနှင့် တတိယဆုရ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းချမ်းငြိမ်းသူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မရွှေစင်၊ ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မမေကြည်မြင့်သိန်းနှင့် တတိယဆုရ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မဖြိုးသဉ္ဇာခင်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်ရှမ္မေလဒေါင်ခေါင်၊ ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်မှူးအောင်နှင့် တတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မကေခိုင်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်ကဗျာပြိုင်ပွဲတွင် ပထမဆုရ တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းချမ်းငြိမ်းသူ၊ ဒုတိယဆုရ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ မောင်သီဟထွန်းနှင့် တတိယဆုရ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ မောင်စောမောင်၊ အခြေခံပညာအထက်တန်း အဆင့်ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကောင်းဝေဦး၊ ဒုတိယဆုရ ဒဂုံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မသိမ့်ဒါလီနှင့် တတိယဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သက်မိုး၊ အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မဇင်သွယ်သွယ်အေး၊ ဒုတိယဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းမှ မဖူးပြည့်သူနှင့် တတိယဆုရ ပြည်မြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်နဒီစစ်မှူးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပန်းချီပြိုင်ပွဲ

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ မူကြိုအဆင့်ပထမဆုရ ကျောက်တန်းမြို့နယ် မြို့မ အလက မူကြိုမှ မအေးငြိမ်းစံ၊ ဒုတိယဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မူကြိုမှ မောင်မင်းခန့်ဇော်နှင့် တတိယဆုရ လမ်းမတော်မြို့နယ်ညောင်ပင်လေးဈေး အမျိုးသမီးအသင်း မူကြိုမှ မမိုးသဉ္ဇာနိုင်၊ ပန်းချီပြိုင်ပွဲ မူလတန်း(အငယ်) အဆင့်တွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မအေးချမ်းပွင့်ဖြူ၊ ဒုတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မောင်ဝင်းခန့်နိုင်ဦးနှင့် တတိယဆုရ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်မြတ်သီဟမောင်၊ ပန်းချီပြိုင်ပွဲ မူလတန်း(အကြီး)အဆင့်တွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဖူးငုံကျော်၊ ဒုတိယဆုရ ကျောက်တန်းမြို့နယ် မြို့မ အခြေခံပညာ အလယ်တန်းကျောင်းမှ မမေထူးမြတ်မွန်နှင့် တတိယဆုရ ပုသိမ်မြို့ အမှတ်(၂၄) အခြေခံပညာ မူလတန်းကျောင်းမှ မောင်သူရပိုင်စိုးတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ကဗျာနှင့် အနုပညာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ အလယ်တန်းအဆင့်တွင် ပထမဆုရ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ မမြတ်သီရိမောင်၊ ဒုတိယဆုရ တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စည်သူအောင်နှင့် တတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထက်နိုင်လင်း၊ ပန်းချီပြိုင်ပွဲ အထက်တန်းအဆင့်တွင် ပထမဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မခိုင်မြတ်မျိုးထွန်းလင်း၊ ဒုတိယဆုရ ကျောက်တန်းမြို့နယ် အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းမှ မဆုဆုဇာနှင့် တတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်သီဟထင်၊ ပန်းချီပြိုင်ပွဲ အလွတ်တန်း အဆင့်တွင် ပထမဆုရ ဦးသပြေမြင့်သိန်း၊ ဒုတိယ ဆုရ ဦးအောင်မိုးနှင့် တတိယဆုရ မောင်ရဲကျော်သာတို့အား ဆုများချီးမြှင့်သည်။

ပန်းပု(သစ်သား)ပြိုင်ပွဲ

ဆက်လက်၍ စာပေနှင့်ဓာတ်ပုံ ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်က ပန်းပု(သစ်သား) ပြိုင်ပွဲတွင် ပထမဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာမှ ကိုဇော်လတ်(ဒါးပိန်)၊ ဒုတိယဆုရ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာမှ ဦးကိုကိုအောင်(ဒါးပိန်)နှင့် တတိယဆုရ ကိုစိုးဝင်း(ဒါးပိန်)၊ ပန်းပု အလွတ်တန်းအဆင့် (ပလတ်စတာ) ပြိုင်ပွဲတွင် ပထမဆုရ ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ မောင်ခင်မိုးထွဋ်၊ ဒုတိယဆုရ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ မောင်ခင်မောင်သန့်နှင့် တတိယဆုရ ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ မောင်ရဲကျော်စွာ၊ ခေတ်မီဘက်စုံတည်ဆောက်ရေး ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရပြီးသူများ အတန်းတွင် ပထမဆုရ ညောင်ဦး ဖိုးချိုနှင့် ဒုတိယဆုရ ရွှေအင်းသား ခင်မောင်ဝင်း၊ လူသစ်တန်းတွင် ပထမဆုရ ထင်အောင်(အင်းစိန်)၊ ဒုတိယဆုရ ကိုဦးနှင့် တတိယဆုရ တက္ကသိုလ်ဟန်မင်းဦး(Best Photo) တို့အား ဆုများချီးမြှင့်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါက ရှုချင့်စဖွယ် အမျိုးသား ယဉ်ကျေးမှုရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဆုရပြီးသူများအတန်းတွင် ပထမဆုရ ရွှေအင်းသားခင်မောင်ဝင်း၊ဒုတိယဆုရ ကျော်သာ(ဟိုက်ချင်း)နှင့်တတိယဆုရ ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)၊ လူသစ်တန်းတွင်ပထမဆုရတက္ကသိုလ် ဟန်မင်းဦး(Best Photo)၊ ဒုတိယ ဆုရ ကိုစိန်ဋ္ဌေးနှင့် တတိယဆုရ ပြည်စိုးထွန်း(ပန်းချီကော့သောင်း)၊ စစ်ချီတေးပြိုင်ပွဲတွင် ပထမဆုရ"အမျိုးကိုချစ်သော တပ်မတော်"တေးကိုရေးဖွဲ့သူ ဒီဃဦး၊ ဒုတိယဆုရ "နိုင်ငံတော်အတွက် ကြည်း၊ရေ၊လေ"တေးကိုရေးဖွဲ့သူ ဝင်းထွန်း(မြဝတီ)နှင့် တတိယဆုရ "ကြည်း၊ရေ၊လေ တို့တပ်မတော်"တေးကို ရေးဖွဲ့သူ လေးနိုင်မင်း(မြဝတီ)၊ စစ်ရေးတေး အဆင့်(၁) ပြိုင်ပွဲတွင် ပထမဆုရ "တပ်နှင့်ပြည်သူအောင်လံထူ"တေးကိုရေးဖွဲ့သူ တက္ကသိုလ်အေးကို၊ ဒုတိယဆုရ "ကြည်း၊ရေ၊လေ၏ ပန်းတိုင်ခရီး"တေးကို ရေးဖွဲ့သူ ထွန်းထွန်းမင်းနှင့် တတိယဆုရ ခေတ်မီစစ်စွမ်းရည်နှင့် မြန်မာ့တပ်မတော်" တေးကိုရေးဖွဲ့သူ မခင်မြသက်နှင်း၊ စစ်ရေးတေးအဆင့်(၂)ပြိုင်ပွဲတွင်ပထမဆုရ "စစ်မြေစခန်းသို့ချစ်မှာတမ်း" တေးကိုရေးဖွဲ့သူ ပွင့်သစ်ဦး(ကလေးဝ)၊ ဒုတိယဆုရ "မြန်မာ့သွေး မြန်မာ့သားတေး"ကိုရေးဖွဲ့သူ ယုဂီနှင့် တတိယဆုရ "အမျိုးကိုချစ်သော တပ်မတော်"တေးကိုရေးဖွဲ့သူ စောလှထွန်းတို့အား ဆုများချီးမြှင့်သည်။

ကျပန်းစကားပြောပြိုင်ပွဲ

ယင်းနောက် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူ မောင်ကျော်မောင်မောင်စိန်၊ ဒုတိယဆုရ မောင်ထက်အောင်ဟိန်းနှင့် တတိယဆုရ မောင်ကျော်ဖြိုးခိုင်၊ အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မမြတ်မွန်ချို၊ ဒုတိယဆုရ မထူးရွှေရည်အိမ်နှင့် တတိယဆုရ မောင်ထူးကိုကို၊ အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မပြည့်ပြည့်ကောင်း၊ ဒုတိယဆုရ မခင်ချောစုမွန်နှင့် တတိယဆုရ မမျိုးသီရိကျော်တို့အား လည်းကောင်း၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အဆင့်မြင့်ပညာ အဆင့်တွင် ပထမဆုရ မောင်ဝင်းကျော်သူ၊ ဒုတိယဆုရ မောင်အဲဗားကျော်နှင့် တတိယဆုရ မောင်တင့်ထူးနိုင်၊ အခြေခံပညာ အဆင့်တွင် ပထမဆုရ မောင်ထက်ပိုင်ကျော်၊ ဒုတိယဆုရ မောင်ဆလိုင်းဆမ်စမ်မြတ်ထွန်းနှင့် တတိယဆုရ မောင်သော်ဇင်ထွဋ်၊ ဦးတည်ချက် ၁၂ရပ်နှင့် တပ်မတော်ဆိုင်ရာ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ မဆုဝတီနွယ်၊ ဒုတိယဆုရ မောင်ရန်ငြိမ်းပိုင်နှင့် တတိယဆုရ မငွေသဇင်အောင်၊ အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ မောင်ကောင်းမြတ်ထူး၊ ဒုတိယဆုရ မအေးဖြူငြိမ်းနှင့် တတိယဆုရ မောင်နိုင်အုပ်ကျော်၊ အခြေခံပညာ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် ပထမဆုရ မောင်အောင်ဖြိုးဟိန်းသွယ်၊ ဒုတိယ ဆုရ မောင်ကျော်ထက်နောင်နှင့် တတိယဆုရ မအိမွန်ကျော်၊ အခြေခံပညာ အထက်တန်းအဆင့် ကွန်ပျူတာအသုံးချစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ မောင်ဟိန်းပိုင်ထူးချစ်၊ ဒုတိယဆုရ စောနေခေးမယာနှင့် တတိယဆုရ မစုမြတ်ဇော်တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ကဗျာရှည်အဆင့်(၂) ပြိုင်ပွဲတွင် ပထမဆုရ မောင်သာမာန်က ဆုရရှိကြသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို မွန်းလွဲ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန် မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှ တစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

ရန်ကုန်မြို့ သာကေတ မြို့နယ် ၂/မြောက် ရပ်ကွက် အနော်မာ အရှေ့ ၁၈လမ်းအမှတ်(၃၃)နေ ကွယ်လွန်သူ အစ်မကြီး ဒေါ်ကျော့ရင်(မော်ကျွန်း)အား ရည်စူး၍ ဦးဝေဇင်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီးရှိ ဓာတ်လှေကားအတွက် ငွေကျပ် ၁၅၅၅၅၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူး ရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ် စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်း ကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မြန်မာနိုင်ငံအတွင်း တီဘီလူနာများ စောစီးစွာရှာဖွေဖော်ထုတ် အစွမ်းထက်သည့် တီဘီဆေးဝါးများအသုံးပြု အခမဲ့ကုသပေးလျက်ရှိ

ရန်ကုန် မတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် GFATM (Global Fund to Fight AIDS, TB and Malaria) တို့ ပူးပေါင်း ကျင်းပသည့် ၂၀၀၆ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာ စကား ပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသားကျန်းမာရေး စီမံကိန်းနှစ်တို ငါးနှစ်(၂၀၀၁-၂၀၀၅)နှင့် နှစ်ရှည် နှစ်၃၀ စီမံကိန်း Vision 2030 (National Strategic Plan)များ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တီဘီရောဂါကို ဦးစားပေးအဆင့်တွင်ထားပြီး အမျိုးသားရေး အသွင်နှင့် တိုက်ဖျက်နှိမ်နင်းရန် သတ်မှတ်ထားပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး ငါးနှစ် မဟာဗျူဟာ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ်တွင် ဇုန်တီဘီ ရောဂါ တိုက်ဖျက်ရေး ခြောက်ခုဖြင့် လည်းကောင်း၊ ၂၀၀၃ ခုနှစ် ပြည်နယ်၊ တိုင်း တီဘီရောဂါတိုက်ဖျက်ရေးဌာန ၁၃ ခုအထိ တိုးချဲ့၍လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် DOT နည်းဗျူဟာ ကို ၁၉၉၇ ခုနှစ်မှစ၍ အကောင် အထည်ဖော် ကျင့်သုံးလျက်ရှိကြောင်း၊ ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှစပြီး မြန်မာနိုင်ငံ၏ မြို့နယ် ၃၂၄ မြို့နယ်စလုံးမှာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့၍ လွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်း ရှိနေပြီဖြစ်ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်ကိုကြည့်လျှင် "To Wards a World Free of Tuberculosis" တီဘီရောဂါ ကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့ဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း တီဘီရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန်၊ ပြည်သူလူထုကိုယ်တိုင်လည်း ပူးပေါင်း ပါဝင် ဆောင်ရွက်လာစေရန်အတွက် စည်းရုံးလှုံ့ဆော်ရန်၊ တိုက်တွန်းအား ပေးရန်၊ တီဘီရောဂါတိုက်ဖျက်ရေးအတွက် လိုအပ်သော အရင်းအနှီးများကို ရရှိရန်၊ စည်းရုံးလှုံ့ဆော်ရန်၊ လူထုလူတန်းစား အလွှာအားလုံး တီဘီရောဂါ ကင်းစင်ရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် တီဘီရောဂါကူးစက်ပြန့်ပွားမှု လုံးဝပပျောက်ရေးအတွက် လူမှုရေးအရသော် လည်းကောင်း၊ နိုင်ငံရေး အရသော်လည်းကောင်း စနစ်တကျ လှုပ်ရှားဆောင် ရွက်ကြရန် ရည်ရွယ်ပြီး ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့များတွင် ဆောင်ပုဒ် အမျိုးမျိုး သတ်မှတ်ပြီး အထိမ်းအမှတ်လှုပ်ရှားမှုများ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေနှင့် တီဘီလူနာ များကို စောစီးစွာရှာဖွေဖော်ထုတ်ပြီး ရောဂါပျောက်ကင်းသည်အထိ အခမဲ့ ကုသနိုင်ရန် စီမံကိန်းများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ချမှတ်ထားသည့် လမ်းညွှန် ချက်များအရ တီဘီလူနာများကို ကုထုံးအမျိုး အစားအလိုက် သက်ဆိုင်ရာ ဆေးတွဲများနှင့် အစွမ်းထက်သည့် တီဘီဆေးဝါး များကို အသုံးပြုပြီး အခမဲ့ ကုသပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းပြီး ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "တီဘီ ရောဂါကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ မိမိတို့ တတ်နိုင်သည့် အခန်းကဏ္ဍများမှ တတ်အားသရွေ့ ပူးပေါင်းဆောင်ရွက်ပေး ကြဖို့ တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ TB & TB/ HIV Team Leader, Dr. Hans Kluge က အောင်ဆန်းတီဘီရောဂါဆေးရုံကြီးသို့ အလှူငွေကျပ်သိန်း၆၀ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယ ဝန်ကြီး ဒေါက်တာမြဦးနှင့် ဧည့်သည် များသည် ဧည့်ကြိုခန်းမအတွင်း ပြသထားသော ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက် ရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှုဓာတ်ပုံ၊ ပိုစတာ၊ စာအုပ် စာစောင်များ၊ရောဂါ ရှာဖွေကုသသည့် စက်ကိရိယာများနှင့် ဆေးပစ္စည်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

အမ်းမြို့နယ်အသင်း(ရန်ကုန်)၏ အမ်းမြို့နယ်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသော သံဃာတော် ခြောက်ပါးအား ဂုဏ်ဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို မတ် ၁၉ရက်က ရွှေတိဂုံဘုရားအရှေ့ဘက် မုခ် အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံတွင်ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကြည်တင် နှင့် ဦးခင်မောင်ကြီးတို့က ဆရာတော်များအား ဘွဲ့တံဆိပ် လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် (၁၀၀)နေ ဦးမောင်မောင်-ဒေါ်ခင်မြဦး (ရတနာမုခ) မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အဆောက် အအုံအတွက် အလှူတော်ငွေကျပ် သိန်း ၂၀ကို တိပိဋကဓရ ဆရာ တော်များရှေ့တွင် ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဆင်မင်း ဦးတင်ရွှေနှင့် ဒုတိယ ဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်း တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ် တရားစခန်း

ရန်ကုန် မတ် ၂၅

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား မြောက်ဘက်မုခ် သွေးဆေးကန် မူလကမ္ဘာအေးလေးကျောင်းတိုက် (မိုးကုတ် သံဝေဇနိယ ဓမ္မပူဇာ အဖွဲ့) တွင် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဧပြီ ၁၃ ရက်မှ ၁၇ရက်အထိ (၉)ကြိမ်မြောက် တရားစခန်းကျင်းပမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

တရားစခန်း ဝင်လိုသော ယောဂီများသည် အထက်ပါ ကျောင်းတိုက် ဆရာတော် ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆ တို့သို့ ဆက်သွယ်၍ ဝင်ခွင့်ပုံစံများ တောင်းခံဖြည့်စွက် စာရင်း ပေးသွင်းနိုင်ကြောင်းသိရ သည်။ **(က-ပ)**

ကယားပြည်နယ်သာသနာရေးဆိုင်ရာလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို လှည့်လည်ဆောင်ရွက်

ရန်ကုန် မတ် ၂၅

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါ၍ မတ်၁၅ရက် နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့မှတစ်ဆင့် ရွှေလက်ဝါးတောင် တော်(ဘေးမဲ့)သာသနာပြုဌာနကျောင်းသို့ လည်းကောင်း၊ ရွှေတောင်ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်းရောက်ရှိပြီး ဆရာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မဟာစည် ဝိမုတ္တိသုခ သာသနာ့ရိပ်သာကျောင်းသို့ ရောက်ရှိပြီး ကယားပြည်နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကေသရအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဒုတိယဝန်ကြီးသည် မတ်၁၆ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သာနာ့ဗိမာန်တော်ကြီးမှတစ်ဆင့် ကုန်းသာ ကျေးရွာ တောင်မော့သာသနာပြု ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒေသခံ ကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များကို တာဝန်ရှိ သူများအား ပေးအပ်လှူဒါန်းသည်။ ထို့နောက် နွားလပိုး ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာ တော်အား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထား ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် မတ်၁၇ရက်တွင် ဒီမော့ဆိုမြို့မ တောင်တန်း သာသနာပြု ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း၊ ဝေါတဂူးထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ ငွေတောင်ကျောင်းတိုက်၊ ဝေါကလိုးရူ ထေရဝါဒဗုဒ္ဓသာ သာသနာပြုဌာန ထီးပွင့်ကန်ကျောင်း၊ လွိုင်ကော်မြို့ မင်္ဂလာ ရပ်ကွက် သီရိမင်္ဂလာပုံ(ဟော်ကြီး)ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ဆရာတော်များအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထား ကာ ဒေသခံ ကျောင်းသားကျောင်းသူများအတွက် အဝတ် အထည်များကိုလည်းကောင်း၊ ဖရူဆို မြို့နယ် လောစုဂူထေရ ဝါဒ ဗုဒ္ဓသာသနာပြုကျောင်း မိုးရေစု ရေကန် တည်ဆောက် ရန်အတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်း ခဲ့သည်။

ဆက်ကပ်လှူဒါန်း

ဒုတိယဝန်ကြီးသည် မတ်၁၈ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ တပ်ဦး တောင်တန်းသာသနာပြု ပရဟိတ ကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း များဆက်ကပ်လှူဒါန်း၍ ဘာသာရေးဆိုင်ရာများ လျှောက် ထားကာ ဒေသခံကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်း သည်။ ထိုမှတစ်ဆင့် ဆိုလစယ်ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

သာသနာရေးဆိုင်ရာများလျှောက်ထား

ထိုမှတစ်ဆင့် မထောခူထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက် ထားသည်။

ဒုတိယဝန်ကြီးသည် မတ်၁၉ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကျောင်း ထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ပြင်သစ် နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ် မြောက်ရေး ကော်မတီ ရုံးခန်း(ဗဟန်း၃-လမ်း မှတ်တိုင် အနီး)တွင် အလှူရှင် လေးဆူ ဓာတ်ပုံ ရွှေတိဂုံစေတီ တော် မြတ် ကြီး အား လကွယ် ညတိုင်း ရွှေသင်္ကန်းနှင့် ဆီမီး ပူဇော်ကုသိုလ်ပြုသည့် ခုနစ်ရက် သားသမီး

သူငယ်ချင်းများက ငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်သူ အီဂျစ်အာရပ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲတက်ရောက်ခဲ့

ရန်ကုန် မတ် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလီဟူစိန် အယ်လ်ဒင် အယ်လ်ဟတ်ဖ်နီ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် မြန်မာ-အီဂျစ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဌာနများအကြား ဆွေးနွေးညှိနှိုင်းပွဲနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီး ဦးကျော်သူအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် မိုဟာမက်မင်နာစီတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အမြင်ချင်းဖလှယ်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ်၂၂ရက်တွင် ကိုင်ရိုမြို့ရှိ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အာရှရေးရာ လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေး၊ စွမ်းအင်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နည်းလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲ အခမ်းအနားကို ကျင်းပသည်။ **(အပေါ်ဝဲပုံ)**

ရန်ကုန်၌ကျင်းပမည်

ဒုတိယအကြိမ်မြန်မာ-အီဂျစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၈ ခုနှစ်အတွင်း ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

လိုက်ပါလာ

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ အဖွဲ့ဝင်များအဖြစ်နိုင်ငံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ ပြန်လည်လိုက်ပါ လာကြသည်။ **(သတင်းစဉ်)**

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီးတွင်နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော မဟာစည်မူ ဝိပဿနာကျင့်စဉ်(၂၄)ကြိမ်မြောက် ခုနစ်ရက်စခန်းတရားပွဲကြီးကို ဧပြီ ၁၀ရက်မှ ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့)အထိ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ၌ ကျင်းပမည်ဖြစ်ရာ ပါဠိကာရီ ချမ်းမြေ့နန္ဒာပရိယတ္တိ စာသင်တိုက်နှင့် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်နှစ်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသ မဟာထေရ်မြတ်သည် ခုနစ်ရက်တိုင်တိုင် သံဃာတော်များ၊ သာမဏေများနှင့် လူ ယောဂီ ပုဂ္ဂိုလ်များအား မဟာစည်မူဝိပဿနာအလုပ်ပေး တရားတော်မြတ်ကို ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၆ခုနှစ် မတ်၂၆ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ အမ်၊မိုရှက်ခန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကျိုက်ဒေးယျုံ ဆရာတော်တရားပွဲ

ရန်ကုန် မတ် ၂၅

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)သည် မတ်၂၆ရက်တွင် သန်လျင်မြို့ ဒါဂံရပ်ကွက် ရဟန်းခံ ရှင်ပြုအလှူပွဲ၌ လည်းကောင်း၊ ၂၇ရက်တွင် ဦးခင်စိန်မိသားစု ရဟန်းခံ ရှင်ပြုအလှူပွဲ၌ လည်းကောင်း၊ ၃၀ရက်တွင် ရန်ကုန်မြို့ ရေကျော်လမ်း အနုမောဒနာပွဲ၌ လည်းကောင်း၊ ၃၁ရက်တွင် သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ရဟန်းခံ ရှင်ပြုအလှူပွဲ၌ လည်းကောင်း၊ ဧပြီ ၁ရက်တွင် သန်လျင်မြို့ လဟာယက်ရွာ၌လည်းကောင်း၊ ၂ရက်တွင် သန်လျင်မြို့ အောင်မင်္ဂလာ ရပ်ကွက် ဒေါ်ကျင်လှိုင် အလှူပွဲ၌လည်းကောင်း၊ ၄ရက်တွင် သန်လျင်မြို့ ဦးလှထွန်းလွင်လမ်း အလှူပွဲ၌လည်းကောင်း၊ ၇ရက်မှ ၁၇ရက်အထိ စာတိုက်ကုန်း မဏ္ဍလာ ရာမကျောင်း တရားစခန်းပွဲ၌ လည်းကောင်း၊ ၂၆ရက်မှ ၃၀ရက်အထိ လပွတ္တာမြို့နယ် ပိုလောင်းကြီး ဗုဒ္ဓပူဇနိယပွဲ စုပေါင်းရဟန်းခံ ရှင်ပြုပွဲ၌ လည်းကောင်း တရားဟောကြားမည်ဟု သိရသည်။ **(က-ပ)**

အိန္ဒိယ(ကြည်း)တပ်မတော် လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့၌ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ(ကြည်း)တပ်မတော် Army Higher Command Course မှ Brig Gen, HH Mahajam, YSM ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ(ကြည်း)တပ်မတော် Army Higher Command Course မှ Brig Gen, HH Mahajam, YSM ခေါင်းဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးကြီးမောင်မောင်သစ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col, J.S Chopra နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နှစ်ပတ်လည်

မတ် ၂၅ရက်က ဇီဝိတဒါန သံဃာ့ ဆေးရုံကြီး၏ ဆေးရုံအသင်းနှစ်ပတ်လည်အစည်းအဝေး (၂၀၀၅)တွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကိုကိုကြီး(အငြိမ်းစားသံအမတ်ကြီး) အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၀၆ရက်(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၅ ၈။ ဝမ်ပုံရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraenon"
- ၁၂:၀၀ ၅။ ရခိုင်ချောင်တံတား
- ၁၂:၀၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"သွေးမဲ့သား"** ခန့်စည်သူ၊ ဇင်ဝိုင်း၊ မေသန်းနု၊ လှအဥ္ဇလီတင့် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၄:၀၀ ၇။ ပြည်တွင်းဆီအုန်းစပ်မျိုး အောင်မြင် ထားဝယ်ဒေသတစ်ခွင်
- ၁၄:၁၅ ၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၄:၂၅ ၉။ အတီးပြိုင်ပွဲ
- ၁၄:၃၀ ၁၀။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)
- ၁၄:၄၀ ၁၁။ အဆိုပြိုင်ပွဲ
- ၁၄:၄၅ ၁၂။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၆ခုနှစ်)
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) [အင်္ဂလိပ်စာ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၅ ၆။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ Discovery
- ၁၈:၅၀ ၁၁။ စိုက်ပျိုးစွမ်းအား ပြည့်ထွန်းကား
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း-၂)
- ၁၉:၄၅ ၁၃။ ပြည်သူ့အတွက်တပ်မတော် **"သားမောင်စစ်သည်ထံမှ အမေထံသို့ပေးစာ"**
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ရုပ်မြင်သံကြားဇာတ်လမ်း **"သားကောင်းမိခင်"** (အပိုင်း-၄) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၃၄)

CHAMPION အမှတ်တံဆိပ် CNG Spark Plugs အကြောင်းရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၂၅

နိုင်ငံတော်၏ စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် M.Y Associates Co.,Ltd. (Myanmar) နှင့် Federal Mogul Corporationတို့က ကြီးမှူး ကျင်းပသော CHAMPION အမှတ်တံဆိပ် CNG Spark Plugs Products Training Presentation အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အလုံလမ်းရှိ ဆမ်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပရာ M.Y Associates Co., Ltd. (Myanmar) ၏ ထုတ်လုပ်မှုမန်နေဂျာ ဦးညီညီမြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး M. Y Associates Co., Ltd. (Myanmar) မှ အမှုဆောင်အရာရှိချုပ် ဦးရဲထွဋ်နှင့် ဒေသအရောင်းမန်နေဂျာ (အာဆီယံ) Mr.Teh Choh Chiong တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(အောက်ယာပုံ)**

ထို့နောက် CHAMPION အမှတ်တံဆိပ် CNG Spark Plugs Products Training Presentation အခမ်းအနားကို အပိုင်းသုံးပိုင်းခွဲကာ Federal Mogul Corporation , Australia မှ ထုတ်လုပ်မှုဒါရိုက်တာ Mr. Tony Doyle က ရှင်းလင်းတင်ပြပြီး မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။

ဆက်သွယ်စုံစမ်းနိုင်

M.Y Associates Co.,Ltd.(Myanmar)သည် Champion Automotive, Motorcycle, Industral, Marine သုံး Sparkplug များ အပါအဝင် မော်တော်ဆိုင်ကယ်သုံးချိန်းအမျိုးမျိုး Sporket,Bulb များ၊ Beral Clutch Plate များ၊ Payen Oil Seal များ၊ FP Diesel Engine Component များ၊ SKF Bearing and Maintenance Product များ၊ Petronas Lubricants များ၊ Opti Bele TRW-LUCAS အစရှိသည့် စက်မှုလုပ်ငန်းများသုံးပစ္စည်းများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ပြီး ကုမ္ပဏီနှင့် ဆက်သွယ်လိုပါက အမှတ် ၂၁၆ ဗိုလ်ချုပ်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၅၀၂၊ ၃၉၂၅၀၃၊ ၃၉၂၈၂၃နှင့် ၃၉၂၅၈၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မလေးရှားတပ်မတော်လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့၌ရောက်ရှိနေသော မလေးရှားနိုင်ငံ မလေးရှားတပ်မတော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး Captain, Abdul Aziz Mohd Dom ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးကြီးမောင်မောင်သစ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီးဝင်းနိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ စစ်သံမှူး Col, Hj. Abbas Bin Hj. Mat နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၆-၃-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် ဧပြီလအတွက် (၉-၄-၂၀၀၆)ရက်နေ့ နှင့် (၂၃-၄-၂၀၀၆)ရက်နေ့

ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ISUZU

ရန်ကုန် မတ် ၂၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Isuzu Motors Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၆ခုနှစ် (၂၈)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းအသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲ၏ စတုတ္ထနေ့၁၈ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ Isuzu Motors Ltd. ဌာနေကိုယ်စားလှယ် ဦးအေးချိုက Team Captain ပြိုင်ပွဲတွင် Nett Total ၇၂ချက်ဖြင့် ဒုတိယရရှိသော ဦးစိန်မြင့်ထွန်း(မကွေးတိုင်း)နှင့် Nett Total ၇၂ချက်ဖြင့် ပထမရရှိသော မင်းခန့် (ကချင်ပြည်နယ်)တို့အားလည်းကောင်း၊ Isuzu Motors Ltd. ဂျပန်မှ အထွေထွေမန်နေဂျာ Mr. Tadao Mat Su Mo To က Individual Handicap ပြိုင်ပွဲတွင် Nett Total ၂၇၅ချက်ဖြင့် တတိယရရှိသော Gun Jar (ကချင်ပြည်နယ်)၊ Nett Total ၂၇၂ ချက်ဖြင့် ဒုတိယရရှိသော စိုးရာဇာအောင်၊ Nett Total အချက် ၂၇၀ ဖြင့် ပထမရရှိသော သိန်းနိုင် (တနင်္သာရီတိုင်း)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က Individual Scratch ပြိုင်ပွဲတွင် Total Gross ၃၀၄ချက်ဖြင့် တတိယရရှိသော ဌေးအောင်ဌေး (ရှမ်းပြည်နယ်-အရှေ့ပိုင်း)၊ Total Gross ၃၀၂ ချက်ဖြင့် ဒုတိယရရှိသော ရန်မျိုးအေး (ရန်ကုန်တိုင်း)နှင့် Total Gross ၂၉၉ချက်ဖြင့် ပထမရရှိသော ဖြိုးကျော်ကျော်(ရန်ကုန်တိုင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Team Handicap ပြိုင်ပွဲတွင် ဒုတိယရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် Team Scratch ပြိုင်ပွဲတွင် ဒုတိယရရှိသော မန္တလေးတိုင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က Team Handicap ပြိုင်ပွဲတွင် ပထမရရှိသော တနင်္သာရီတိုင်းနှင့် Team Scratvh ပြိုင်ပွဲတွင် ပထမရရှိသောရန်ကုန်တိုင်းတို့အား ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Isuzu Motors Ltd. ဂျပန်အထွေထွေမန်နေဂျာ Mr. Tadao Mat Su Mo To က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ၅၀၀ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံပြီး မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀ကို မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က လက်ခံသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ်(၂၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Team Scratch ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

စွမ်းအင်အသင်း ကွာတားဖိုင်နယ်တက် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ပြိုင်ပွဲမှထွက်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီ၄၅မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာစွမ်းအင်အသင်းက ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိသွားသည်။

အကြိတ်အနယ်

အဆင့်မြင့်တန်းမှထိပ်သီးအသင်းနှစ်သင်းဆုံတွေ့ခြင်းဖြစ်ပြီး ရှုံးထွက်ပွဲစဉ်ဖြစ်ရာ အကြိတ်အနယ် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ပထမရရှိထားသည်မှာ ပူပူနွေးနွေးသာ ရှိသေးသည့် ဘဏ္ဍာ/အခွန် အသင်းသည် တတိယရရှိခဲ့သော စွမ်းအင်အသင်းကို ရှုံးနိမ့်သွားရာ စောစောစီးစီး ပြိုင်ပွဲမှထွက်သွားရသည်။

စွမ်းအင်အသင်းသည်ပွဲစသည်နှင့် အချိတ်အဆက်မိမိ ထိုးဖောက်တိုက်စစ်ဆင်ပြီး ခြေစွမ်းပြကစားရာ ပထမပိုင်းမှာပင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဂိုးသွင်းယူ

စွမ်းအင်အသင်းအတွက် ပထမဂိုးကို ပွဲစပြီး၁၅မိနစ်အကြာတွင် နိုင်ဝင်းက သွင်းယူပေးသည်။ ဦးဆောင်ဂိုးရပြီး မကြာမီ၂၁မိနစ်တွင် စိုင်းသန်းအောင်က စွမ်းအင်အသင်းအတွက် ဒုတိယဂိုး သွင်းယူနိုင်ခဲ့သည်။

စွမ်းအင်အသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ စီးပွား/ကူးသန်းအသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့် အသင်းနှင့် ဧပြီ၄ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မတ်၂၆ရက် **(ယနေ့)**ညနေ၃နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ရထားပို့ဆောင်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အိုးထရက်ဖို့ဒ်၌မန်ယူနှင့်ဘာမင်ဂမ်ဆုံပြီ

တင်ပြသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၂၅

ပရီမီယာလိဂ် ပွဲစဉ်(၃၀)လက်ကျန်ပွဲအဖြစ် မန်ယူနှင့်ဘာမင်ဂမ်၊ မစ်ဒယ်ဘရော့နှင့် ဘော်လ်တန်တို့ မတ်၂၆ ရက်(ယနေ့)တွင် ကစားကြရမည်ဖြစ်ရာ မန်ယူနှင့်မစ်ဒယ်ဘရော့တို့ အိမ်ကွင်း၌ နိုင်ပွဲဆက် မဆက်ကို စောင့်ကြည့်ရပေမည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၀)အဖြစ် မန်ယူနှင့် ဘာမင်ဂမ်တို့ပွဲတွင် နောက်တန်းခံစစ်မှူးအဖြစ် ကစားမည့် ဂယ်ရီနေဗီးလ်။
(ဓာတ်ပုံ-အင်တာနက်)

မန်ယူအသင်း ပရီမီယာလိဂ်၌ နိုင်ပွဲများ ဆက်တိုက်ရလျက်ရှိရာ ပရီမီယာလိဂ် ဒုတိယနေရာ၌ ခိုင်မြဲလျက်ရှိနေသည်။ မန်ယူနည်းပြ ဖာဂူဆန်သည် မန်ယူတိုက်စစ်ကို လူငယ်ကစားသမားများဖြင့် ပွဲထုတ်ခဲ့ရာ ဆာဟာ၊ ရွန်နေနှင့် စီရိုနယ်လ်ဒိုတို့လည်း ခြေစွမ်းပြ ဂိုးများသွင်းယူနိုင်ခဲ့သည်။

နစ္စတယ်ရွိုင်း

ထို့အတူ မန်ယူ၏ အမာခံတိုက်စစ်မှူး နစ္စတယ်ရွိုင်းမှာလည်း ယခုအချိန်အထိ ပရီမီယာလိဂ်၌ တစ်ဦးတည်း၁၉ ဂိုးသွင်းထားနိုင်ပြီး ဂိုးအများဆုံး သွင်းထားသူအဖြစ် အာဆင်နယ်မှ အွန်နရီနှင့် သွင်းဂိုးအတူတူ ဖြစ်လျက်ရှိသည်။

မန်ယူနိုင်ပွဲ

ယခုအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ကစားရမည့်မန်ယူသည် အမြဲတမ်း အကျပ်အတည်းဖြစ်စေသည့် ဘာမင်ဂမ်နှင့် ရင်ဆိုင်တွေ့ပြီ ဖြစ်သည်။ သို့သော် အိုးထရက်ဖို့ဒ်၌ ဘာမင်ဂမ်နှင့် နောက်ဆုံးငါးကြိမ် ကစားခဲ့ရာ၌ မန်ယူတို့ပွဲတိုင်း အနိုင်ရထားသည်ဖြစ်ရာ ယခုအကြိမ်သည်လည်း မန်ယူနိုင်ပွဲပင်ဖြစ်သည်။

ဘာမင်ဂမ်တို့ မန်ယူကိုရှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်း တစ်ခုချင်း၌ပင် မယှဉ်နိုင်ရာ မန်ယူတို့ ဂိုးပြတ်သွင်းနိုင် မသွင်းနိုင်သာ စောင့်ကြည့်ရမည်ဖြစ်သည်။

မစ်ဒယ်ဘရော့ အိမ်ကွင်း၌ ဘော်လ်တန်ကို ခက်ခက်ခဲခဲ ကစားရဖွယ်ရှိသည်။ မစ်ဒယ်ဘရော့တို့ အိမ်ကွင်းတွင် မာမာတင်းတင်း တုံ့ပြန်ကစားတတ်မှုကြောင့် သွင်းဂိုးများ ရရှိသွားနိုင်သည်။ မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူသည် ယခုအချိန်အထိ တစ်ဦးတည်း ၁၃ ဂိုးသွင်းထားသလို ဘော်လ်တန်တိုက် စစ်မှူး နိုလန်ကလည်း တစ်ဦးတည်းကိုးဂိုးသွင်းထားနိုင်သည်။

အဝေးကွင်းရလဒ်မကောင်းသည့် နယူးကာဆယ်တို့လည်း ချာလ်တန်ကွင်း၌ ကစားတိုင်း ကံမကောင်းတတ်သည်ဖြစ်ရာ ယခုပွဲ ချာလ်တန်ကွင်းတွင် ကစားရပြန်ပြီ ဖြစ်သည်။ ချာလ်တန်တိုက်စစ်မှူး ဘင့် ဂိုးသွင်းခြေစွမ်းထက်မြက်ရာ ယခုအချိန်အထိ တစ်ဦးတည်း ၁၅ ဂိုးသွင်းထားသူ ဖြစ်သည်။ နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ခုနစ်ဂိုးသွင်းထားပြီး ဒဏ်ရာရနေပြီး ဝါရင့်သမ္ဘာရင့် အလန်ရှီးယားမှာ ယခုနှစ်တွင် လေးဂိုးသာ သွင်းထားနိုင်သည်။



ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ချာလ်တန်နှင့် နယူးကာဆယ်တို့ ကစားမည့်ပွဲတွင် နယူးကာဆယ်မှ အားထားရသော ကီရွန်ဒိုင်ယာ (ယာ) ထိုးဖောက်ကစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မစ်ဒယ်ဘရော့ကွင်း၌ ဘော်လ်တန်နှင့် နောက်ဆုံး ငါးကြိမ်ဆုံတွေ့ခဲ့ရာတွင် မစ်ဒယ်ဘရော့က သုံးပွဲနိုင်-နှစ်ပွဲ ရှုံး ရလဒ်ရှိထားရာ အိမ်ကွင်း၌ မစ်ဒယ်ဘရော့တို့ အရေးသာဖွယ်ရှိသည်။

ချာလ်တန်နှင့် နယူးကာဆယ်တို့ ချာလ်တန်ကွင်း၌ နောက်ဆုံး ငါးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ သုံးပွဲသရေ တစ်ပွဲရှုံးရလဒ်ရှိထားရာ နှစ်သင်းစလုံး အမှားမခံသည့်အနေအထားဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးနှင့်လီဗာပူး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ၌ တွေ့ကြပြန်ပြီ

လန်ဒန် မတ် ၂၅

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးနှင့်လီဗာပူးတို့ ကစားရမည်ဖြစ်ရာ ဘောလုံးရာသီနှစ်ရာသီအတွင်း ၁၀ကြိမ်မြောက် တွေ့ဆုံမှုပင်ဖြစ်သည်။

အနိုင်ရရှိခဲ့

ပြီးခဲ့သည့်နှစ် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးတို့ လီဗာပူးနှင့် ဆီမီးဖိုင်နယ်၌ ဆုံတွေ့ရမှုမှာ အကျပ်အတည်းပွဲစဉ်ပင်ဖြစ်သည်။ ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီ၌ ချယ်လ်ဆီးနှင့်လီဗာပူးတို့ နှစ်ကြိမ်ဆုံခဲ့ရာတွင် နှစ်ကြိမ်စလုံး ချယ်လ်ဆီးတို့က လေးဂိုး-တစ်ဂိုး၊ နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင် ရရှိခဲ့သည်။

ဆီမီးပွဲစဉ်

ယခုနှစ် ချန်ပီယံလိဂ်တွင်လည်း နှစ်ကြိမ်ဆုံတွေ့ခဲ့ရာ နှစ်ကြိမ်စလုံး ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ ဝက်စ်ဟမ်းယူနိုက်တက်သည် မစ်ဒယ်ဘရော့နှင့် ချာလ်တန်တို့ ပြန်ကစားမည့်ပွဲမှ အနိုင်ရသည့်အသင်းနှင့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာပြည်အနှံ့စက်ဘီးစီးအားကစားသမားပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် World Vision(Myanmar)ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၏ ပံ့ပိုးကူညီမှုဖြင့် စက်ဘီးအဖွဲ့ချုပ် အသင်းဝင် ဦးဇော်နိုင်(ဒဂုံမြို့သစ်တောင်ပိုင်း)သည် ယခုနှစ်ဇန်နဝါရီ ၁၇ ရက်မှစတင်၍ မြန်မာပြည်အနှံ့ မြို့နယ် ကျေးရွာများသို့ စက်ဘီးဖြင့် လှည့်လည်သွားရောက်ကာ AIDSရောဂါ တိုက်ဖျက်ရေးဟောပြောခြင်း၊ ခရိုင်အဆင့် ခြစည်းရိုးကြက်ဆူပင်ပျိုးပွဲ၌ ပါဝင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး မတ် ၇ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းမှ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သို့ ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာပြည်အနှံ့ စက်ဘီးစီးသမား ဦးဇော်နိုင် **(ယာပုံ)**အား မြန်မာနိုင်ငံစက်ဘီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ World Vision(Myanmar) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ဝန်ထမ်းများနှင့် မိသားစုအဖွဲ့ဝင်များက အဖွဲ့ချုပ်ရုံးရှေ့မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပေါင်းတည်မြို့ မှတ်တိုင်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

ပေါင်းတည် မတ် ၂၃

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အုတ်ဖို(၂)ရပ်ကွက် မှတ်တိုင်လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၈ နာရီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့လမ်းမကြီးမုခ်ဦးထိပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၅၀၀၀၀၀ဖြင့် အကုန်အကျခံ၍ အုတ်ဖို(၂) ရပ်ကွက် မှတ်တိုင်လမ်းကို ကတ္တရာထပ်ပိုးလွှာအဖြစ် ပေ ၂၂၅၀ ခင်းပေးခဲ့ကြောင်း သိရသည်။ **(၀၆၄)**

မာလဲနတ်တောင်တမံနှင့် ဆည်တော်ကြီးရေကူ တမံစီမံကိန်းများ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

မန္တလေး မတ် ၂၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်း၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက စဉ့်ကူးမြို့နယ် မာလဲကျေးရွာအနီးရှိ မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအေးသိန်းက စီမံကိန်း တည်နေရာ၊ တမံအနေအထားနှင့် ဖို့မြေပမာဏ၊ ကျောက်စီပမာဏ တမံမြေဖို့ခြင်းလုပ်ငန်း၊ ရေစိမ့်တားနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေပိုလွှဲ တည်ဆောက်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေစိမ့်တားနံရံ တည်ဆောက်ခြင်းနှင့် မာလဲနတ်တောင်ရေလှောင်တမံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထို့မှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် စဉ့်ကူးမြို့နယ် ဆည်တော်ကြီး ရေကူရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြပြီး စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်က လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေလွှဲဥမင်ဖောက်လုပ်ရန် လျာထားမှုနှင့် စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တမံအုကြောင်း(၂)နှင့်တမံအုကြောင်း (၁)တို့တွင် အောက်ခြေရှင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့နယ် စက်သုံးဆီအရောင်းဆိုင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မော်လမြိုင်ကျွန်း မတ် ၂၂

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၂၀ ရက် ညနေ ၃နာရီက ဗိုလ်တဲချွန်းရပ်ရှိ မြို့နယ် စက်သုံးဆီအရောင်းဆိုင်ရှေ့မျက်နှာစာလမ်းမ၌ ကျင်းပသည်။

ယင်းသရုပ်ပြပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်နှင့်အမှုဆောင်များ၊ ဌာနဆိုင်ရာများ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အမှုဆောင်များနှင့်အသင်းဝင်များ၊ မြို့လူထုများက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးခင်ဇော်နှင့်ဝန်ထမ်းများက ဆီမီးလောင်မှုများအား မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပက်ဖျန်း သရုပ်ပြကြသည်။ **(အပေါ်ဝဲပုံ)** **(၀၉၇)**

မြန်မာ့အသံ

၂၇-၃-၂၀၀၆ (တနင်္လာနေ့)

(တပ်မတော်နေ့)

နံနက်ပိုင်း

၀၆:၃၀ တပ်မတော်နေ့ တိုက်ရိုက်အသံလွှင့်ခြင်း

နေ့လယ်ပိုင်း

၀၉:၃၅ ဟောပြောချက် (မျိုးချစ်စိတ်အခြေခံနှင့် ရှင်သန်သည့်မြန်မာပြည်)

၀၉:၄၅ ကလေးများ၏ တပ်မတော်နေ့ ဂုဏ်ပြုသီချင်းများ

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာ ပြန်ကြားလွှာ)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (အပန်းဖြေခြင်း-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (အမျိုးသားစာပေဆုရ ကဗျာဆရာ သူရဇော်နှင့် ဆွေးနွေးခန်း)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ပညာရှင်ကြီးများ၏ တပ်မတော်နေ့ ဂုဏ်ပြုတေးများ

၂၀:၃၀ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော တိုက်ကြီး မြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့ ဆက်သွယ်သော တော်လတီ-ကလော့သော့ လမ်းပေါ်ရှိ ပကွန်ချောင်းကူးတံတား ပြင်ဆင်ပြီးစီးမှုကို မတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ် စည်ပင်)

ကန်တော်မင်္ဂလာတာဆုံ၌ ပလက်ဖောင်းကပ်တုံးခင်း

ဒိုက်ဦး မတ် ၁၆

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကန်တော်မင်္ဂလာတာဆုံတွင် လမ်းဘေးပလက်ဖောင်း ကပ်တုံးများ ခင်းခြင်းလုပ်ငန်းကို မတ် ၁၂ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်မာအေး ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ကျောင်းကုန်းကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး ကျေးလက်ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ကျောင်းကုန်း မတ် ၂၂

ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာရှိ ဘဝတက္ကသိုလ်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ရေရှည်တည်တံ့ရေး ကျေးလက်ပြည်သူများ ပိုမိုကျယ်ပြန့်စွာတွေးခေါ်စေမည့် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၉ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးအတွက် အတွေးအခေါ်၊ အသိအမြင်တိုးပွားပုံနှင့်ဆက်သွယ်မှု နည်းပညာကဏ္ဍအလိုက်အရေးပါပုံတို့ကို ကျေးလက်ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် **ချစ်ဖေဖေ-ဒုတိယဗိုလ်မှူးကြီးဝေလင်းအောင်**နှင့် **ချစ်မေမေ-ဒေါ်စန္ဒာထွန်း** (လ/ထ ကထိက၊ငြိမ်း)တို့၏ ၂၆-၃-၂၀၀၆ ရက်တွင် ကျရောက်သော ငွေရတု မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် မိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ပျော်ရွှင်ချမ်းမြေ့စွာ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ။

ချစ်သား-ဗိုလ်တေဇာအောင်-မကျော့ဝေသက်။

လူပျောက်ကြော်ငြာ

အဆိုပါဓာတ်ပုံရှင် မောင်အိုက်ခန်း အသက်(၇)နှစ် (အဖ)ဦးအမ်ပလပ်သည် ၂၂-၃-၂၀၀၆ရက် နံနက် ၆ နာရီခန့်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဒေါ်မေသက်ဝင်း အမှတ် ၁၂၄/၁၊ကျွန်းရွှေမြိုင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၅၇၂၆၈၉။**

ရောင်းချမည့်ရက်ပြင်ဆင်ခြင်း

၁၂-၃-၂၀၀၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၉)တွင် ပါရှိသော ရောင်းချရန် ကြော်ငြာပါ ရောင်းချမည့်နေ့ရက် ၁၀-၄-၂၀၀၆ရက် အစား ၁၉-၄-၂၀၀၆ရက်ဟု ပြင်ဆင်ပြောင်းလဲသတ်မှတ်သည်။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်သဲမောင်မောင် ၁၂/ဒဂတ(နိုင်)၀၂၉၆၆၇ သည် မိခင်အား စိတ်ဒုက္ခရောက်အောင် အမျိုးမျိုးပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဒေါ်ဝင်းလင်းငယ်
၁၂/ဗဟန(နိုင်)၀၀၅၅၈၃
၆၉၅/၆၉၆(က+ခ)၊ ခရေပင်လမ်း၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၆ ခုနှစ် မတ်လ ၂၇ရက် တနင်္လာနေ့သည် တပ်မတော်နေ့ဖြစ်ပြီး အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံဗဟိုဘဏ်။**

ဒေါ်မြဝင်း ၁၂/ကတတ(နိုင်) ၀၁၄၄၃၆နှင့် အများသိစေရန်ကြေညာခြင်း

ဦးမောင်စိန်သည် ဒေါ်မြဝင်း ၁၂/ကတတ(နိုင်) ၀၁၄၄၃၆နှင့် ၂၄-၁-၇၄ ရက်တွင် တရားဝင်ပေါင်းသင်းခဲ့ပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးမောင်စိန် နိုင်ငံခြားသို့ သွားရောက်နေစဉ်ဒေါ်မြဝင်းသည် ဦးမောင်စိန် ခွင့်မလွှတ်နိုင်သောကိစ္စများပြုလုပ်ပြီး နေအိမ်မှဆင်းသွားသဖြင့် ဥပဒေနှင့်အညီဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ဦးမောင်စိန်နှင့်ဒေါ်မြဝင်း ပေါင်းသင်းစဉ် ရန်ကုန်မြို့၌ အောက်ဖော်ပြပါ နှစ်ဦးပိုင်ပစ္စည်းများ ထွန်းကားခဲ့ပါသည်။

၁။ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၂၄၇/ ၂၄၉ (ဒုတိယထပ်+မြေညီထပ်) ယာဘက်တိုက်ခန်း။
၂။ ကျောက်တံတားမြို့နယ် လမ်း (၄၀)၊ အမှတ်-၁၃၁ (မြေညီထပ်/ဝဲခန်း)။
၃။ ဗိုလ်တထောင်မြို့နယ် ၄၄-လမ်း၊ အမှတ် ၅၇ (ပထမထပ်) တိုက်ခန်း အပါအဝင် အမှတ် -၅၆/၅၈ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များ။
၄။ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း အမှတ်၁၄၄/၁၄၆ရှိ ဦးတင်ထွန်းအား ၄ှားရမ်းထားသည့် လှေကားခွင်ခန်း (ဆိုင်ခန်း)။
၅။ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် မြေတိုင်းရပ်ကွက် L-၁၇/၆၀၊ မြေကွက်အမှတ် ၇၆၆x၇၆၇ (၂)ကွက်တွဲ မြေကွက်။
၆။ ဒဂုံမြို့သစ်တောင်ပိုင်း မြေတိုင်းရပ်ကွက်-၁၄၁/၂၊ မြေကွက်အမှတ် - ၄၆+၄၇(၂) ကွက်တွဲ မြေကွက်။

အထက်ဖော်ပြပါ ပစ္စည်းများကို ဒေါ်မြဝင်းနှင့်တကွ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ပေးကမ်း၊ လှူဒါန်းစသည့် လွှဲပြောင်းခြင်းတစ်မျိုးမျိုး မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက အဆိုပါပြုလုပ်သူတို့တွင် တာဝန်ရှိလိမ့်မည်ဖြစ်ကြောင်း ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၂၄၇) နေ ဦးမောင်စိန် ၁၂/ကတတ(နိုင်) ၀၁၃၉၆၄၏ ရေးသားပြောဆိုညွှန်ကြားချက် များအရ အများသိစေရန် ကြေညာလိုက်ပါသည်။ **ဦးမောင်စိန်၏ရေးသားပြောဆိုညွှန်ကြားချက်အရ**

ဦးဝင်းငွေ:LL.B, D.B.L;D.M.Lတရားရုံးချုပ်ရှေ့နေ၊
ဒေါ်အေးအေးမြင့် LL.B., ဒေါ်သင်းသင်းခိုင် LL.Bအထက်တန်းရှေ့နေများ၊
အမှတ် ၅၆၁၊ ပထမထပ်၊ M-A-C Towerကုန်သည်လမ်း၊ရန်ကုန်၊ဖုန်း၂၄၅၅၆၂။

သေသပ်ကောင်းမွန်သော တိုက်ခန်းရောင်းမည်

၁။ ကျိုက္ကဆံလမ်းမပေါ် ကျောက်မြောင်းမီးပွိုင့်အနီး ၁၅ ပေXပေ ၆၀ သုံးလွှာ၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ။
၂။ ကျိုက္ကဆံလမ်းမပေါ် ကျောက်မြောင်းမီးပွိုင့်အနီး ၁၅ပေXပေ၆၀ လေးလွှာ။

ဖုန်း-၅၅၅၃၁၃။

ဦးထွန်းမြင့် (M.A, USA)

အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောကို တစ်ဦးချင်း အနီးကပ် သင်ပေးနေပါသည်။

၇(က)၂၂၊သီတာလမ်း။



ကုမ္ပဏီအရောင်းပြခန်းနှင့် ရုံးခန်းပြောင်းရွှေ့ခြင်း

Masda Chemical International Co., Ltd.သည် အောက်ပါ လိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း လုပ်ငန်းရှင်များ၊ အစိုးရဌာနဆိုင်ရာများ၊ မိတ်သင်္ဂဟများအား လေးစားစွာ အကြောင်းကြားအပ်ပါသည်။

အမှတ် ၁၀၈/၁၁၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၆၄၇၅၊ ၂၄၃၉၂၂၊ ၄၄၁၁၂၆၀၊ ၀၉-၅၁ ၄၆၈၀၉၊
ဖက်စ်-၂၄၃၉၂၂၊ ၃၇၆၄၇၅။
E-mail: masda-ygn@myanmar. com.mm.
masdachemical@mptmail. net.mm.

ရွှေတောင်မြို့ ကျီးသဲလေးထပ်ကျောင်းတော် ပန္နက်တင်အုတ်မြစ်စီ နှစ်ထပ်ကွန်ကရစ်အဆောက်အအုံ အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရွှေတောင် မတ် ၂၀

ကျီးသဲလေးထပ် ဆရာတော်ကြီး၏ကျောင်းတော် ပန္နက်တင် အုတ်မြစ်စီမင်္ဂလာပွဲကို မတ် ၁၅ရက်နံနက်က ရွှေတောင်မြို့ ကျီးသဲတိုက်နယ် ဘိုကုန်းရွာကျီးသဲလေးထပ်

ပျော်ဘွယ်မြို့ ရေပေးရေး ရှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မတ်၁၂ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သာသနာ့နယ်မြေ ကုန်းတော်၌ကျင်းပရာ ရွှေမြင်တင်စေတီဗဟိုသံဃာ့ဝန်ဆောင် ရွှေတောင်မြို့ မဟာဝိသုတာရာမ ဂန္ဓာရုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကျော် ဘဒ္ဒန္တ အဂ္ဂဝံသထံမှ ကိုးပါးသီလခံယူပြီး ကျောင်းတော်ကြီးဆောက်လုပ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်(၁) ဒုတိယရဲမှူးလှဦးတို့က လှူဒါန်းရာ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်က လက်ခံရယူသည်။

စိုက်ထူ

ယင်းပန္နက်တင်ပွဲကို ကျီးသဲလေးထပ်သာသနာ့နယ်မြေကုန်းတော်၌ မင်္ဂလာအချိန်တွင် ကျီးသဲတိုက်နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ဦးသံဝရက ဗဟိုပန္နက်တိုင်ကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်အတူ စိုက်ထူကြသည်။

အုတ်မြစ်စီ

ဆက်လက်၍ အုတ်မြစ်စီမင်္ဂလာကို ကျင်းပရာ ကျီးသဲတိုက်နယ် ခြံကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာစာရက ပတ္တမြားအုတ်မြစ်နှင့်ကျောင်းထိုင်ဆရာတော်ကြီး ရှစ်ပါးတို့က ရွှေအုတ်မြစ်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က ပတ္တမြားအုတ်မြစ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ရွှေအုတ်မြစ်၊ ငွေအုတ်မြစ်တို့ကိုအုတ်မြစ်ချကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါကျောင်းတော်ကြီးမှာအလျား ၁၀၈ပေ၊ အနံ ၃၆ပေရှိနှစ်ထပ်ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်း ၇၀၀ ခန့်ကုန်ကျမည်ဖြစ်ရာ လှူဒါန်းလိုသူများ ရန်ကုန်မြို့ ကျီးသဲအသင်း ဖုန်း၀၁-၅၈၀၁၀၈နှင့် ရွှေတောင်မြို့ကျောင်းတော်ကြီးဆောက်လုပ်ရေးကော်မတီ(ကျီးသဲ) ဖုန်း-၀၅၃-၂၅၄၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဓမ္မပဋိပတ်ရိပ်သာ ဒုလ္လဘနှင့် တရားစခန်း

မော်လမြိုင် မတ် ၂၂

မော်လမြိုင်မြို့ တောင်ရိုးတန်း ရွှေတောင်ရပ် ဓမ္မပဋိပတ်ရိပ်သာကြီးတွင် အကြိမ်(၂၀)မြောက် စုပေါင်းဒုလ္လဘပွဲနှင့် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် နယ်လှည့်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ မြို့နယ်သံဃနာယက(မူလဒွါရ)အတွင်းရေးမှူးဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် နယ်လှည့်ဓမ္မကထိက လူမှုထူးချွန် ပထမဆင့်၊ မွန်ပြည်နယ် ဂုဏ်ဆောင် မော်လမြိုင်တောင်ပိုင်း ဆရာတော်ချင်းတွင်းအရှင်ကလျာဏတို့က တရားဟောကြားပြသမည်ဖြစ်ရာ ဒုလ္လဘဝတ်လိုသူများ၊ သီလရှင် ဝတ်လိုသူများသည် ဧပြီ ၉ရက် (တနင်္ဂနွေနေ့) အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း မီးသေးကြိုတင်ကာကွယ်ရေး လက်တွေ့ ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးစံရွှေအောင်၊ အမှုဆောင် အရာရှိ ဦးအေးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ကျောက်ချောလမ်းခင်း

ခေါဇာမြို့တွင် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကိုမတ်၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ တာဝန်ခံ ဦးကျော်အောင်က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း)ခရိုင် ချင်းဆက်လမ်းအမှတ်(၁) မင်းလှမြို့နယ်အပိုင်း ဆောင်ရွက်သော မြေသားလမ်းကို စက်ယန္တရားများဖြင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်မှုကိုမတ်၁၄ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ကွင်းဆင်းစစ်ဆေးရာမြို့နယ် အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သူအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မကွေးတိုင်း မင်းဘူးခရိုင် စကုမြို့နယ်ရှိ မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိရာ မတ် ၂၁ရက်က အောက်စက်တော်ရာနှင့် ဆိုင်ခန်းများ တည်ဆောက်ထားမှုမြင်ကွင်းကို အထက်စက်တော်ရာပေါ်မှ ဤသို့တွေ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဦးခိုက်ပူဇော်ပူးမြော်လိုစိတ် တဖွားဖွားဖြစ်ပေါ်စေသည့် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

သတင်းပေးပို့သူ–ကျော်စိန်၊ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

စကု မတ် ၂၅

မန်းရွှေစက်တော်–––။

မြန်မာနိုင်ငံတွင် ရက်ရှည်ကျင်းပသော ဘုရားပွဲတော်များတွင် အထင်ကရရှိသော ဘုရားပွဲတော် တစ်ခုမှာ မန်းရွှေစက်တော်ဘုရားပွဲတော်ပင်ဖြစ်သည်။ ပွင့်လင်းရာသီ လယ်ယာလုပ်ငန်းခွင်မှ ခေတ္တအနားရသော အချိန်တွင် မြန်မာတို့ ကုသိုလ်ယူသည့် အထက်မြန်မာပြည် ဘုရားဖူးခရီးစဉ်၌ မပါမဖြစ် ပါဝင်ရသည်မှာ မန်းရွှေစက်တော် ဘုရားပွဲပင်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

တပ်မတော်နေ့အခမ်းအနားကျင်းပပုံ မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၅

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တို့မှ မတ် ၂၇ရက် နံနက်၆နာရီမှစ၍ အခမ်းအနားကျင်းပသည့်နေရာမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၅

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ အနော်ရထာခန်းမ၌ ကျင်းပရာ ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း (၆၁)နှစ်မြောက်တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု

❐ ပြည်ထောင်စု မပြိုကွဲရေး၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်ပေး ကာကွယ်စောင့်ရှောက်ခဲ့တဲ့ တပ်မတော်ကို ပြည်သူတွေက အမြဲထာဝရဂုဏ်ပြု အားပေးနေတာဖြစ်။

အောင်သိမ်း(ထားဝယ်)၏ ဆောင်းပါး (စာ-၃၊ ၇)

❐ ဂုဏ်ပြုလျက်ပါ တပ်မတော်

တက္ကသိုလ်ညိုမင်းမောင်၏ ကဗျာ (စာ-၃)